**Assistance Association for Political Prisoners (Burma)**
နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (မြန်မာနိုင်ငံ)

P.O Box 93, Mae Sot, Tak Province 63110, Thailand
E-mail: info@aappb.org, info.aappburma@gmail.com Website: www.aappb.org



## လက်ရှိအခြေအနေ အကျဉ်းချုပ်

၂၀၁၃ ခုနှစ် အကုန်လောက်တွင် လက်ကျန်နိုင်ငံရေးအကျဉ်းသားများအားလုံးအား လွှတ်ပေးပါမည်ဟု သမ္မတဦးသိန်းစိန်မှ ကတိကဝတ်ပြုခဲ့သော်လည်း နိုင်ငံရေးအကျဉ်းသားများစွာ အကျဉ်းထောင်များအတွင်း ကျန်ရှိနေပြီး၊ အစိုးရမှလည်း နိုင်ငံရေးအကျဉ်းသားအသစ်များအား ဖမ်းဆီး၊ ထောင်ချမှုများကို ဆက်လက်လုပ်ဆောင်နေပါသည်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လကုန်လောက်တွင် မြန်မာနိုင်ငံရှိ အကျဉ်းထောင်များအတွင်း နိုင်ငံရေးအကျဉ်းသား (၇၀) ဦး ဆက်လက်ဖမ်းဆီး ထိန်းသိမ်းခံထားရပြီး တက်ကြွလှုပ်ရှားသူ စုစုပေါင်း (၁၁၄) ဦး ခန့် မှာ တရားရင်ဆိုင်နေကြရပါသည်။

၂၀၁၄ ခုနှစ် နှစ်ဦးပိုင်းမှ စပြီး၊ နိုင်ငံရေးတက်ကြွလှုပ်ရှားမှုကြောင့် ဖမ်းဆီးထိန်းသိမ်းခံရသူ အရေအတွက်သည် ပုံမှန်တိုးလျက်ရှိကာ ပြီးခဲ့သည့် နှစ်အနည်းငယ်အတွင်းတွင် အသိအမှတ်ပြုခြင်းခံခဲ့ရသည့် မြန်မာ့ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်မှုသည် အားနည်းယုတ်လျော့လာကြောင်း ပြသနေပါသည်။ အထူးသဖြင့် လူတစ်ဦးချင်းစီ၏ အခြေခံလွတ်လပ်ခွင့်များ အဓိကအားဖြင့် သတင်းမီဒီယာဆိုင်ရာလုပ်ငန်းများ၏ လွတ်လပ်ခွင့်များတွင် လျော့နည်းကျဆင်းလာကြောင်းကို ၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွင်း ဖြစ်ရပ်များမှ သက်သေပြနေပါသည်။ သတင်းထောက်များ၏ အခွင့်အရေးများအား ကာကွယ်သည့် ဥပဒေ၊ ပုဒ်မအသစ်များအား ပြင်ဆင်အသုံးပြုရမည့်အစား ၎င်းသတင်းထောက်တို့အား တရားစွဲရန် ယခင်အသုံးပြုနေကျဖြစ်သည့် ဖိနှိပ်ချုပ်ချယ်သည့် ဥပဒေ၊ ပုဒ်မ များအား ဆက်လက် အသုံးပြုနေခြင်းမှာ အာဏာပိုင်များမှ ဒီမိုကရက်တစ်ပြုပြင်ပြောင်းလည်းရေး လုပ်ငန်းစဉ်များအား ဆန့်ကျင်ရာရောက်ကြောင်းကိုလည်း ပြသလျက်ရှိပါသည်။

## ဇူလိုင်လ ၂၀၁၄ခုနှစ် မာတိကာ


- တစ်လအတွင်း သုံးသပ်ချက်
- ထိန်းသိမ်းခံရခြင်းများ
- ထောင်ဒဏ်ချမှတ်ခံရခြင်းများ
- ထောင်မှ လွတ်မြောက်မှုများ
- ထောင်တွင်း အခြေအနေများ
- နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ၊
- နိုင်ငံရေးအကျဉ်းသားဟောင်းများအပေါ် ကန့်သတ်တားမြစ်ချက်များ
- မြေယာသိမ်းဆည်းမှုများ
- သတင်းထဲမှ အေအေပီပီ
- အရေးပါသော နိုင်ငံတကာဆိုင်ရာ တိုးတက်မှုများ
- နိဂုံးချုပ်နှင့် သုံးသပ်ချက်
- အရေးပါသည့် ဆက်စပ်သတင်းများဖတ်ရန် Links

၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွင်း၊ တက်ကြွလှုပ်ရှားသူ (၁၁) ဦး ဖမ်းဆီးခံခဲ့ရပြီး၊ (၂၁) ဦးမှာ ထောင်ဒဏ်များ ချမှတ်ခံရကာ၊ (၂) ဦး အကျဉ်းထောင်များမှ ပြန်လည် လွတ်မြောက်လာခဲ့ကြောင်း အေအေပီပီမှ မှတ်တမ်းပြုနိုင်ခဲ့ပါသည်။ ဇူလိုင်အတွင်း (၁၁) ဦး ဖမ်းဆီးခံရပြီး၊ (၂) ဦး ပြန်လည်လွတ်မြောက်လာသည် ဆိုသည့် ကိန်းဂဏန်းများမှ အစိုးရ၏ နိုင်ငံရေးတက်ကြွလှုပ်ရှားသူများအား ထောင်သွင်းအကျဉ်းချသည့် နည်းလမ်းကို ဆက်လက်ကျင့်သုံး နေကြောင်း ဖေါ်ပြလျက်ရှိပါသည်။

ယခုလအတွင်း သတင်းမီဒီယာများနှင့်ပတ်သက်သည့် အမှုများနှင့် စပ်ဆက်ပြီး အာဏာပိုင်များမှ ဖမ်းဆီးထောင်ဒဏ်ချမှတ်သည့် အရေအတွက်အား သိရှိခဲ့ရပါသည်။ လွှတ်တော်မှ မကြာသေးမီ အချိန်ကာလအတွင်း မီဒီယာနှင့်ပတ်သက်သော ဥပဒေအသစ်အား ပြဌာန်းခဲ့ကာ၊ အနောက်နိုင်ငံအစိုးရများမှ ဝေဖန်မှုများ ပြုခဲ့သော်လည်း သတင်းမီဒီယာလုပ်ငန်း၏ လွတ်လပ်ခွင့်များနှင့် လုပ်ဆောင်မှုများအပေါ် အစိုးရမှ ပိုမိုတင်းကျပ်စွာ ဖိနှိပ်ထိန်းချုပ်ခဲ့ပါသည်။ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလတွင် သံသယဖြစ်ဖွယ် လျှို့ဝှက်ဓါတုလက်နက်စက်ရုံ အကြောင်းကို ယူနတီဂျာနယ်မှ ရေးသားထုတ်ဝေခဲ့သည့်အတွက် ၎င်းဂျာနယ်မှ ဝန်ထမ်း ၅ ဦးအား ဇူလိုင်လ ၁၀ ရက်နေ့တွင် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ်စီ အသီးသီး ချမှတ်ခဲ့ပါသည်။ ထိုထောင်ဒဏ်ချမှတ်မှုသည် ပြည်တွင်းနှင့် နိုင်ငံတကာနယ်ပယ် ၂ ခုစလုံးတွင် နိုင်ငံရေးဝေဖန်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ နိုင်ငံတကာမှ အထူးသဖြင့် အမေရိကန် နှင့် အင်္ဂလန်နိုင်ငံအစိုးရများ၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး နှင့် နယ်စည်းမခြား သတင်းထောက်များ အဖွဲ့တို့မှ မြန်မာ့ဒီမိုကရေစီ ဖြစ်ပေါ်တိုးတက်မှု၏ လက်တလော ယုတ်လျော့ကျဆင်းလာခြင်းကို ဝေဖန်သုံးသပ် ခဲ့ကြပါသည်။ အစိုးရမှ သတင်းမီဒီယာနှင့်ပတ်သက်သော ပြဿနာများအား တုန့်ပြန်ဖြေရှင်းမှုသည် မြန်မာနိုင်ငံအား ကျန်ကမ္ဘာ့နိုင်ငံများနှင့် သဘောထားမတူညီသော အနေအထား တစ်ခုသို့ ပြန်လည်တွန်းပို့နေကြောင်း ၎င်းတို့မှဝေဖန် ဆွေးနွေးခဲ့ကြပါသည်။ သတင်းထောက်များအပေါ် ထောင်ဒဏ် ချမှတ်လိုက်သည့် လုပ်ရပ်အပေါ် မြန်မာနိုင်ငံ အတွင်းရှိ သတင်းအဖွဲ့အစည်း ၄ ခုမှလည်း ယခင်စစ်အာဏာရှင်နှင့် ယခုလက်ရှိ အစိုးရတို့၏ လုပ်ရပ်များကို နှိုင်းယှဉ်ကာ တုန့်ပြန်သည့် ပူးတွဲစာတစ်စောင် ထုတ်ပြန်ခဲ့ပါသည်။ ထို့အပြင် ထိုကဲ့သို့သတင်းထောက်များအပေါ် ထောင်ဒဏ်ချမှတ်မှုသည် လွှတ်တော်အတွင်းတွင်လည်း ကွဲလွဲမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ အထူးသဖြင့် လွှတ်တော်နာယက သူရဦးရွှေမန်းမှ သတင်းထောက်များ၏ ထောင်ဒဏ်များကို လျှော့ပေါ့ပေးရန် သမ္မတမှ စဉ်းစားပေးပါဟု တောင်းဆိုခဲ့ပါသည်။

ယူနတီသတင်းထောက်များအား ပြင်းထန်သည့်ထောင်ဒဏ်များ ချမှတ်သည့်အပြင် မြန်မာဒီမိုကရေစီ စဉ်ဆက်မပြတ်လှုပ်ရှားမှု အဖွဲ့ (MDCF) မှ ဒေါ်အောင်ဆန်းစုကြည်အား ကြားဖြတ်အစိုးရ၏ သမ္မတအဖြစ် ပြည်သူများမှ ရွေးကောက်တင်မြှောက်ကြောင်း တောင်းဆိုချက်ကို ဘိုင်မွန်းတည့်နေဂျာနယ်မှ ညွှန်းဆိုပြီး ၎င်းတို့၏ဂျာနယ်တွင် သတင်းရေးသားထုတ်ပြန်ခဲ့သည့်အတွက် ထိုဂျာနယ်၏ ပိုင်ရှင်များအပါအဝင် ဝန်ထမ်း စုစုပေါင်း ၈ ဦး ဖမ်းဆီးခံခဲ့ရပြီး တရားစွဲဆိုခြင်းများ ခံခဲ့ရပါသည်။ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ၎င်းတို့အထဲမှ ၅ ဦးသည် ၁၉၅၀ ခုနှစ် အရေးပေါ်အက်ဥပဒေဖြင့် တရားစွဲဆိုခြင်း ခံခဲရပြီး၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ဂျာနယ်တိုက်ပိုင်ရှင်နှင့် ၎င်း၏ဇနီးအပါအဝင် ၃ ဦးသည်လည်း ယခင်အပတ်၏ တရားရုံးမှဆင့်ခေါ်ခြင်းကို ရှောင်ရှားခဲ့မှုကြောင့် ထိုင်းနိုင်ငံ နယ်စပ် မဲဆောက်မြို့တွင် ဖမ်းဆီးခြင်းကို ခံခဲ့ရပါသည်။ အာဏာပိုင်များမှ ထိုသတင်းသည် အစိုးရအား အကြည်ညိုပျက်စေကာ စာဖတ်သူများအကြား နားလည်မှုလွဲပါးနိုင်မှု နှင့် တိုင်းပြည်၏တည်ငြိမ်မှုနှင့် ပြည်သူလူထုတို့၏ အကျိုးစီးပွါးကို ထိခိုက်ပျက်ပြားစေသည်ဟု ဆိုကာ ဂျာနယ်တိုက်မှ စာရွက်စာတမ်းများ နှင့် ကွန်ပြူတာများကိုပါ သိမ်းဆည်းခဲ့ကြပါသည်။ ထိုသတင်းနှင့် ပတ်သက်ပြီး အချို့သတင်းမီဒီယာများမှ ဘာသာပြန်/အဓိပ္ပါယ်လွဲမှားစွာ ဖေါ်ပြခဲ့ကြသော်လည်း ဘိုင်မွန်းတည့်နေဂျာနယ် အနေဖြင့် "ကြားဖြတ်အစိုးရ" ဆိုသည့် အကြောင်းအရာနှင့် ပတ်သက်ပြီး ၎င်းတို့ဂျာနယ်၏ တစ်ဦးတည်း သဘောထားအမြင်အဖြစ် ရေးသားထုတ်ပြန်ခဲ့ခြင်း မဟုတ်ပါ။ MDCF မှ ဆန္ဒပြစဉ်အတွင်း ပြောကြားသွားခြင်းကိုသာ ဂျာနယ်၏ ဆောင်းပါးတွင် ရိုးရှင်းစွာ ရည်ညွှန်းဖေါ်ပြပြီး သတင်းထုတ်ပြန်ရေးသားခဲ့ခြင်းသာဖြစ်သည်။ တရားစွဲဆိုခံရသူများမှ ၎င်းတို့အနေဖြင့် တိုင်းပြည်အတွင်း ဖြစ်ပျက်နေသည်များကို ပြည်သူများမှ သိရှိရန် သတင်းထုတ်ပြန် ရေးသားခြင်းမှာ ၎င်းတို့၏အလုပ်ကိုသာ လုပ်ခြင်းဖြစ်ကြောင်း ပြန်လည် ခုခံပြောဆိုခဲ့ကြပါသည်။ ၎င်းဂျာနယ်မှ ဝန်ထမ်းတစ်ဦးချင်းစီအား ၁၉၅၀ ခုနှစ် အရေးပေါ်အက်ဥပဒေ ပုဒ်မ ၅ (ဃ)၊ ၅ (ည) တို့ဖြင့် တရားစွဲဆိုထားပါသည်။ အကယ်၍၎င်းတို့အနေဖြင့် ထိုပုဒ်မများဖြင့် ထောင်ဒဏ် ချမှတ်ခံရပါက ထောင်ဒဏ် ၁၄ နှစ်အထိ ကျခံဖွယ် ရှိနေပါသည်။

[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ဧရာဝတီ]
[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ဒီဗွီဘီ]
[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ မြန်မာ့အလင်း]
[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ဘိုင်မွန်းတည့်နေ ဖေ့စ်ဘွတ်စာမျက်နှာ]
[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ မဇ္ဈိမ]
[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်၊ ဒီဗွီဘီ]
[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ ဧရာဝတီ]
၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၂ ရက်၊ အလဲဗင်း
[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ ဒီဗွီဘီ]
[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ ဧရာဝတီ]
[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ ဧရာဝတီ]
[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ ဒီဗွီဘီ]
[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ အယ်လ်ဂျာဇီးယား]
[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ ဧရာဝတီ]
[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊ ဒီဗွီဘီ]

# ထိန်းသိမ်းခံရခြင်းများ

## ဘိုင်မွန်းတည့်နေ သတင်းဂျာနယ်မှ ဝန်ထမ်းများ ဖမ်းဆီး တရားစွဲခံရခြင်း

***၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင်*** ဘိုင်မွန်းတည့်နေ ဂျာနယ်မှ သတင်းထောက်နှင့် အယ်ဒီတာများအပါအဝင် ဝန်ထမ်း ၅ ဦးသည် မြန်မာ့ဒီမိုကရေစီ စဉ်ဆက်မပြတ် လှုပ်ရှားမှုအဖွဲ့ (MDCF) မှ တောင်းဆိုလိုက်သည့် ကြားဖြတ်အစိုးရနှင့် ပတ်သတ်သည့် သတင်းအား ၎င်းတို့၏ ဂျာနယ်တွင် ရေးသား သတင်းထုတ်ပြန်ခဲ့သည့်အတွက် ၁၉၅၀ ခုနှစ် အရေးပေါ်အက်ဉပဒေ ပုဒ်မနှင့် ပန်းဘဲတန်းမြို့နယ် ရဲစခန်းမှ ရဲမှူးသိန်းထွန်း၏ တရားစွဲဆိုခြင်းကို ခံခဲ့ရပါသည်။ “ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသား ဒီမိုကရက်တစ်ပါတီ အင်အားစုများအား ကြားဖြတ်အစိုးရတစ်ခုအဖြစ် ပြည်သူများမှ တင်မြှောက်လိုက်ကြောင်း MDCF မှ ပြောကြား” ဆိုသည့် သတင်းခေါင်းစဉ်ဖြင့် ဇူလိုင်လ ၇ ရက်နေ့တွင် ရန်ကုန်မြို့ မြို့တော်ခန်းမ ရှေ့၌ MDCF မှ ဆန္ဒပြခဲ့ကြောင်း သတင်းဆောင်းပါးအား ၎င်းတို့၏ဂျာနယ်တွင် ရေးသားတင်ပြခဲ့ပါသည်။ MDCF မှလည်း ဒေါ်အောင်ဆန်းစုကြည်အား ကြားဖြတ်အစိုးရ၏ သမ္မတအဖြစ် တင်မြှောက်ကြောင်း ကြေညာခဲ့ပါသည်။ အာဏာပိုင်များမှ ဂျာနယ်၏ အယ်ဒီတာ ၂ ဦးအပါအဝင် တာဝန်ခံ အယ်ဒီတာ ၁ ဦး၊ ထိုသတင်းကို ရေးသားခဲ့သော ကိုမင်းဝသန် (ကျော်ဇောဟိန်း) ဆိုသည့် သတင်းထောက် ၁ ဦးနှင့် ဂျာနယ်တိုက်ပိုင်ရှင်၏ ယောက္ခမဖြစ်သူ ၁ ဦး စုစုပေါင်း ၅ ဦးတို့ကို ဂျာနယ်၏ ဆောင်းပါးတွင်ပါဝင်ခဲ့သော သတင်းအချက်အလက်နှင့် ပတ်သက်ပြီး စစ်ကြောမေးမြန်းခဲ့ပါသည်။ ဇူလိုင်လ ၁၁ ရက်နေ့လောက်အထိ အာဏာပိုင်များမှ အကြီးတန်းသတင်းထောက် ကိုမင်းဝသန်အား မည်သည့်နေရာတွင် ထိန်းသိမ်းထားသည် ဆိုခြင်းကို ၎င်း၏မိသားစုအား ပြောကြားခြင်းမရှိခဲ့ပါ။

ဇူလိုင်လ ၁၆ ရက်နေ့တွင် ဘိုင်မွန်းတည့်နေ ဂျာနယ်၏ ပိုင်ရှင် ကိုကျော်မင်းခိုင်၊ ၎င်း၏ဇနီး နှင့် ဂျာနယ်၏ ရုံးအဖွဲ့မှူး ကိုယဉ်မင်းထွန်း တို့ ၃ ဦးအား တရားရုံးမှဆင့်ခေါ်ခြင်းကို ငြင်းဆန်ရန်အတွက်၊ နှင့်ထိုင်းနိုင်ငံ နယ်စပ် မဲဆောက်မြို့သို့ တစ်ပတ်ကြိုတင်ပြီး ထွက်ပြေးတိမ်းရှောင်ခဲ့သည့်အတွက်ဟု ဆိုကာ ၎င်းတို့ ၃ ဦးသည် ထိုင်းနိုင်ငံ၊ မဲဆောက်မြို့တွင် ဖမ်းဆီးခြင်း ခံခဲ့ရပါသည်။ ထိုဂျာနယ်နှင့်ပတ်သက်ပြီး ဖမ်းဆီးခံရသူ ၈ ဦးအား ၁၉၅၀ ခုနှစ်အရေးပေါ် အက်ဉပဒေပုဒ်မ- ၅/ဃ၊ ၅/ည တို့ဖြင့် တရားစွဲဆိုထားခြင်းကို ခံခဲ့ရပြီး ထိုအက်ဉပဒေများကို ဖေါက်ဖျက်ကျူးလွန်ပါက ထောင်ဒဏ်အနည်းဆုံး ၇ နှစ်စီ ကျခံဖွယ်ရာရှိကာ လက်ရှိအခြေအနေတွင် ၎င်းတို့သည် ပန်းဘဲတန်း တရားရုံးတွင် တရားရင်ဆိုင်နေရပါသည်။ ကိုကျော်မင်းထွန်းတို့အား မဲဆောက်မြို့တွင် ဖမ်းဆီးစဉ် ၎င်း၏ အသက် ၇ နှစ် အရွယ်နှင့် ၁၀ နှစ်အရွယ် သား ၂ ယောက်တို့ပါ ပါရှိပြီး၊ နောက်ပိုင်းတွင် ကလေး ၂ ဦးအား ရန်ကုန်မြို့ရှိ ၎င်းတို့၏အဖိုးထံသို့ ပို့ပေးခဲ့ပါသည်။

ဇူလိုင်လ ၂၁ ရက်နေ့တွင် အယ်ဒီတာ ၃ ဦး ဖြစ်ကြသော ကိုရဲမင်းအောင်၊ ကိုဝင်းတင်နှင့် အယ်ဒီတာချုပ် ကိုအောင်သန့်တို့နှင့် ဂျာနယ်တိုက်ပိုင်ရှင်၏ ဇနီးဖြစ်သူ ဒေါက်တာအိအိစံတို့ တရားရင်ဆိုင်ခဲ့ကြရပါသည်။ အယ်ဒီတာ ၃ ဦးတို့ အတွက် နောက်ထပ် ရီမာန် ၂ ပါတ်ယူပြီး အင်းစိန်ထောင်သို့ ခေါ်ဆောင်သွားခဲ့ပါသည်။ ဒေါက်တာ အိအိစံသည် နိုင်လုံသည့် သက်သေမရှိသည့်အတွက်ဟုဆိုကာ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၁၆၉ အရ ထောင်မှ လွတ်မြောက်ခဲ့ပါသည်။

*[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ဧရာဝတီ]*
*[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ဒီဗွီဘီ]*
*[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ မြန်မာ့အလင်း]*
*[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ဘိုင်မွန်းတည့်နေ ဖေ့စ်ဘွတ် စာမျက်နှာ]*
*[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ ဘီဘီစီ]*
*[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ မဇ္ဈိမ]*
*[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်၊ ဒီဗွီဘီ]*
*[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ ဧရာဝတီ]*
*[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ ဒီဗွီဘီ]*
*[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ ဧရာဝတီ]*
*[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ နယ်စည်းမခြား သတင်းထောက်များအဖွဲ့]*

## မြေယာအရေးတက်ကြွလှုပ်ရှားသူ ဖမ်းဆီးထိန်းသိမ်းခံရခြင်း

မြေယာအရေးတက်ကြွလှုပ်ရှားသူ ဦးခင်မြင့်သည် လယ်သမားများအား ဆူပူလာအောင်လှုံ့ဆော်သည်ဟု စွပ်စွဲခံရကာ ပုဒ်မ ၅၀ (စ/ဆ) ဖြင့်တရားစွဲခံရပြီး လက်ရှိအချိန်တွင် အချုပ်အတွင်းထိန်းသိမ်းခံနေရပါသည်။ မူလမြေပိုင်ရှင်များမှ ရောဗ္ဗေဝါကုမ္ပဏီမှ သိမ်းဆည်းထားသော ၎င်းတို့၏ မြေယာများအားပြန်လည်ရရှိရန် မြေယာအရေး လှုပ်ရှားဆောင်ရွက်သူများ၏ အကူအညီအား တောင်းခံလာသဖြင့် ဦးခင်မြင့်မှ ဥပဒေအရ မြေယာဌာနသို့ အမှုဖွင့်ကာ ဦးဆောင်ကူညီဆောင်ရွက်ပေးခဲ့ပါသည်။

ဦးခင်မြင့်က "ကျွန်တော်ကိုဝန်ခံမယ်ဆိုရင် ခံဝန်ချုပ်နဲ့လွတ်ပေးမယ်၊ လွတ်ရင် ရှုပ်ရှုပ်ရှက်ရှက်မလုပ်နဲ့ အပြစ်ဖြစ်လာရင် ခြေချုပ်ဖေါက်ဖျက်နဲ့ ထောင်ချမယ်ပြောတယ်၊ ကျွန်တော်ဘာပြစ်မှုမှ မကျူးလွန်လို့ ဝန်မခံနိုင်ဘူး၊ အာမခံလည်းမပေးဘူး၊ တရားရုံးကျတော့ မစစ်ဆေးသေးဘူး၊ ရီမန်ယူပြီး အချုပ်ချထားတာ နှစ်ပတ်ရှိပြီ၊ တကယ်တော့ ကျွန်တော်တို့တွေ ရပ်ကျေး (လယ်/စီ) မှာလယ်မြေ အဆုံးအဖြတ် ရှုံးတာကြောင့် မြို့နယ်အဆင့်ကို လယ်ယာမြေဥပဒေအရ အယူခံဝင်တာကို ရမယ်ဖွဲ့ပြီး ဖမ်းတာ" လို့ ဆိုပါတယ်။

ဦးခင်မြင့်ကို ဇူလိုင်လ ၉ ရက်နေ့က စဖမ်းခဲ့ပြီး ကန်ကြီးထောင့် မြို့မရဲတပ်ဖွဲ့စခန်းတွင် အကျဉ်းချထားပါသည်။
*[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ The Voice]*

## MDCF တာဝန်ခံ ဖမ်းဆီးထိန်းသိမ်းခံရခြင်း

ဒေါ်အောင်ဆန်းစုကြည်နှင့် တိုင်းရင်းသား ဒီမိုကရေစီအင်အားစုများကို ကြားဖြတ် အစိုးရအဖြစ် ပြည်သူမှ တင်မြှောက်လိုက်ကြောင်း ရန်ကုန်မြို့တော်ခန်းမရှေ့၌ ဇူလိုင်လ ၇ ရက်နေ့ မနက်တွင် ဆန္ဒပြခဲ့ခြင်းအတွက် MDCF- ဒီမိုကရေစီစဉ်ဆက်မပြတ် လှုပ်ရှားမှု အင်အားစုမှ ရန်ကုန်တိုင်း တာဝန်ခံ ကိုနောင်နောင်အား ***၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့ မနက်ပိုင်း လင်းအားကြီး ၁ နာရီခွဲခန့်*** တွင် အထူးစုံစမ်းရေး ရဲတပ်ဖွဲ့မှ ဖမ်းဆီးသွားခဲ့ပါသည်။

ဇူလိုင်လ ၇ ရက်နေ့တွင် ဖြန့်ဝေသည့် ကြေငြာချက်တွင် ကုန်ဈေးနှုန်းကြီးမြင့်မှု၊

အလုပ်လက်မဲ့ပြဿနာ၊ ဘာသာရေးပြဿနာ၊ တိုင်းရင်းသားအရေး၊ တရားရေးကဏ္ဍ၊ လယ်ယာမြေ မတရားသိမ်းဆည်းမှု စသည့် ပြဿနာရပ်များအား တင်ပြထားပြီး ၂၀၁၁ ခုနှစ်မှ ဒီနေ့ထိ ကိုယ်ကျိုးစီးပွားနှင့် ခရိုနီများအား အကာအကွယ်ပေးနေသည့် ပြည်ထောင်စုအစိုးအား လွှတ်တော်မှ ရုပ်သိမ်းရန်လည်း တိုက်တွန်းထားပါသည်။ မြို့တော်ခန်းမရှေ့၌ ဇူလိုင်လ ၇ ရက် နေ့တွင် ဆန္ဒပြနေစဉ် ကိုနောင်နောင်ကို ကျောက်တံတားမြို့နယ် ရဲစခန်းမှ လာရောက် ဖမ်းဆီးခဲ့ပြီး ရဲစခန်းသို့ ခေါ်ဆောင်သွားသည့်အတွက် လူအုပ်မှလည်း နောက်မှ လိုက်သွားကြောင်း သိရှိရပါသည်။ သို့သော်လည်း ကိုနောင်နောင်ကို ရဲစခန်းမှ ပြန်လွှတ်လိုက်ခဲ့ပြီး ၈ ရက်နေ့ မနက်လင်းအားကြီးချိန်တွင် နေအိမ်မှ ထပ်မံ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ခြင်း ဖြစ်ပါသည်။

*[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ လွတ်လပ်တဲ့အာရှအသံ](#)*

## ယူနတီဂျာနယ်မှ သတင်းထောက်များ ထောင်ဒဏ် ချမှတ်ခံရခြင်း

*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့ တွင်* ယူနတီဂျာနယ်၏ အမှုဆောင်အရာရှိချုပ် ဦးတင့်ဆန်းအပါအဝင် သတင်းထောက် ဦးလူမော်နိုင်၊ ဦးစည်သူစိုး၊ ဦးရာဇာဝင်း နှင့် ဦးအောင်သူရတို့အား ပခုက္ကူမြို့နယ်တရားရုံးမှ အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၁၀ နှစ် ချမှတ်လိုက်ပါသည်။ ၎င်းတို့သည် တားမြစ်ထားသည့်နေရာအား နိုင်ငံတော်ကို ထိခိုက်နစ်နာစေရန် ရည်ရွယ်ချက်ဖြင့် ကျူးကျော် ဝင်ရောက်ခဲ့သည်ဟု ဆိုကာ သူလျှိုများအား စွဲဆိုလေ့ရှိသော ၁၉၂၃ ခုနှစ် နိုင်ငံတော် လျှို့ဝှက်ချက် ပေါက်ကြားမှု ဥပဒေဖြင့် အာဏာပိုင်များမှ ၎င်းတို့အား ထောင်ဒဏ်ချမှတ်လိုက်ခြင်းဖြစ်သည်။

၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့ တွင် ယူနတီဂျာနယ်မှ မကွေးတိုင်းဒေသတွင် ရှိသော ကာကွယ်ရေးပစ္စည်း စက်ရုံ တစ်ခုအကြောင်းကို လျှို့ဝှက်လက်နက်စက်ရုံ ထင်ရသည်ဟု ရေးသား ဖော်ပြခဲ့သည်။ ၎င်းတို့၏အကျိုးဆောင်ရှေ့နေ ဦးရောဘတ်စန်းအောင်မှ ယခုပြစ်ဒဏ်အား အယူခံဝင်ခဲ့ပြီဖြစ်ကြောင်းနှင့် အမှုအား မကွေးတိုင်း တရားရုံးတွင် ကြားနာတော့မည်ဖြစ်ကြောင်း သတင်းမီဒီယာများအား ပြောကြားခဲ့သည်။ ယခုပြစ်ဒဏ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ တွင်ပါရှိသော သတင်းသမားများ၏ လွတ်လပ်စွာ ထုတ်ဖော် ပြောဆိုခွင့်အား ချိုးဖောက်ရာ ရောက်သည်ကို အခြေခံ၍ အယူခံဝင်သွားမည်ဖြစ်သည်။ ထောင်ဒဏ်ချမှတ်ခံရသော သတင်းထောက်တို့သည် တရားရုံးအား လက်တလော၌ ပြဋ္ဌာန်းထားသော မီဒီယာဥပဒေအရ ပြန်လည် သုံးသပ်ပေးရန် ဆန္ဒရှိနေကြသည်။ ယခုအခါတွင် ၎င်းတို့ငါးဦးအား ပခုက္ကူ အကျဉ်းထောင်တွင် ဖမ်းဆီး ထိန်းသိမ်းထားကြောင်း သိရပါသည်။

*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ ဧရာဝတီ*
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ ဒီဗွီဘီ*
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ အယ်လ်ဂျာဇီးရား*
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ ဧရာဝတီ*
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊ ဒီဗွီဘီ*

## လွှတ်တော်၏ နာယကနှင့် ပြောရေးဆိုခွင့်ရှိသူ သူရဦးရွှေမန်းမှ မျှတမှုအတွက်တောင်းဆို

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် မြန်မာလွှတ်တော်၏ ပြောရေးဆိုခွင့်ရှိသူ သူရဦးရွှေမန်းမှ သတင်းမီဒီယာအရေးနှင့် ပတ်သက်ပြီး ကိုင်တွယ်ရာတွင် ပိုမို စိတ်ရှည်သည်းခံစွာ ချည်းကပ်ခြင်းအား စဉ်းစားရန် သမ္မတအား တောင်းဆို တိုက်တွန်းလိုက်ပါသည်။

၎င်းမှ လွှတ်တော်အတွင်းပြောကြားရာတွင်"**သတင်းမီဒီယာတချို့ရဲ့ လက်ရှိဖြစ်စဉ် ဖြစ်ရပ်များနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံ စာနယ်ဇင်းကောင်စီ (ယာယီ)နဲ့ စာနယ်ဇင်း သတင်းမီဒီယာသမားများ အသီးသီးတင်ပြလာမှုများကို လွှတ်တော်အနေဖြင့် လည်း အလေးထား စဉ်းစား သုံးသပ် ဆောင်ရွက်ရန် လိုအပ်သကဲ့သို့ ပြည်ထောင်စုအစိုးရအဖွဲ့ အနေဖြင့်လည်း စဉ်းစား ဆောင်ရွက်ပေးမည်ဟု ယုံကြည်ပါတယ်၊ ထိုသို့ စဉ်းစားဆောင်ရွက်ပေးမှုကို အချိန်မီရှင်းလင်းဖော်ပြခြင်းအားဖြင့် သက်ဆိုင်ရာအဖွဲ့အစည်းများရဲ့ စိုးရိမ်စိတ်များ ပြေပျောက်ပြီး အထင်အမြင်လွဲမှားမှုများလည်း လျော့နည်းပပျောက်ပြီး ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ပိုမိုအဆင်ပြေချောမွေ့နိုင်မည်ဟု စသဖြင့် သုံးသပ်ဆောင်ရွက်နိုင်ပါရန် ပေးပို့အပ်ပါသည်" ဟုပြောကြားခဲ့ပါသည်။**
၎င်း၏စာမှ အစိုးရအနေဖြင့် သတင်းထောက်များမှာ အတွေ့အကြုံ မရှိသေးသောကြောင့် ဖြစ်သောအမှားများကို စိတ်ရှည် သည်းခံပေးသင့်ကြောင်းကိုလည်း ပြောထားပါသည်။ ဦးရွှေမန်းမှ လက်တလော ထောင်ဒဏ် ချမှတ်လိုက်သော သတင်းထောက်များ၏ ထောင်ဒဏ်နှစ်များကိုလည်း လျှော့ပေါ့ပေးရန် သမ္မတဦးသိန်းအား တိုက်တွန်း တောင်းဆိုလိုက်ပါသည်။

ပြည်သူ့လွှတ်တော်အမတ် တစ်ဦးဖြစ်သူ ဦးခိုင်မောင်ရည်မှ စာနယ်ဇင်း သတင်းမီဒီယာသမားများအပေါ် အာဏာပိုင်များမှ တရားလိုပြုတရားစွဲဆိုလိုပါက ထိုအာဏာပိုင်တို့အနေဖြင့် မြန်မာစာနယ်ဇင်းကောင်စီ (ယာယီ) သို့ ဦးစွာ သတင်းပို့သင့်ကြောင်း အကြံပြုပြောဆိုထားပါသည်။ ၎င်းမှ စာနယ်ဇင်း သတင်းမီဒီယာသမားများအနေဖြင့် ယခုလက်ရှိအချိန်တွင် ထိုအခွင့်အရေးများ အပြည့်အဝရရှိမနေပဲ ထိုသို့ဖြစ်နေသည်ကိုပင် လူထုသိရှိရန် ပြုလုပ်ရမည်မှာ ထိုသတင်းသမားများ၏ တာဝန်ဖြစ်သည်ဟု ဖြည့်စွက်ပြောဆိုခဲ့ပါသည်။

မြန်မာစာနယ်ဇင်းကောင်စီ (ယာယီ) အနေဖြင့် မြန်မာနိုင်ငံအတွင်း စာနယ်ဇင်းများမှ လက်ရှိရင်ဆိုင်နေရသော ကိစ္စရပ်များကို ဆွေးနွေးရန်အတွက် သမ္မတ ဦးသိန်းစိန်နှင့် တွေ့ဆုံရန် ခွင့်ပြုချက်လည်း ပေးထားပြီးဖြစ်ပါသည်။
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ အလဲဗင်း*
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ ဧရာဝတီ*

## မြန်မာ့ဒီမိုကရေစီ စဉ်ဆက်မပြတ်လှုပ်ရှားရေး အဖွဲ့ဝင် (MDCF) ၂ဦး ထောင်ဒဏ်ချမှတ်ခံရ

***၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက် နေ့တွင်*** ရန်ကုန်မြို့ တရားရုံးတစ်ခုမှ မြန်မာ့ဒီမိုကရေစီ စဉ်ဆက်မပြတ်လှုပ်ရှားရေး (MDCF) အဖွဲ့ဝင်များဖြစ်သော ကိုတင်မောင်ကြည်နှင့် ကိုဇော်ဝင်းတို့အား အစိုးရ မယုံကြည်ရေး လက်ကမ်းစာစောင်များ ဝေငှခဲ့သည့်အတွက် ထောင်ဒဏ် ၆ လ ပြစ်ဒဏ်ချမှတ် လိုက်ပါသည်။

ထို လက်ကမ်းစာစောင်များထဲတွင် သမ္မတဦးသိန်းစိန်အစိုးရနှင့် ၎င်းတို့၏ ပြုပြင်ပြောင်းလဲမှုများအား မယုံကြည်ရန်၊ အခွင့်အာဏာသည် စစ်တပ်နှင့် ၎င်းတို့နှင့်နီးစပ်သော စီးပွားရေးသမားများ၏ လက်ထဲ၌သာ ရှိသေးကြောင်း ဝေဖန်ထားသည်။

ထိုနိုင်ငံရေးတက်ကြွလှုပ်ရှားသူ ၂ ဦးသည် မေလ ၉ ရက်နေ့တွင် လက်ကမ်းစာစောင်များ ဖြန့်ဝေပြီး မကြာခင်တွင်ပင် ဖမ်းဆီးခံခဲ့ရပြီး ကျောက်တံတားမြို့နယ် အာဏာပိုင်များမှ ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅ (ခ) ဖြင့် တရားစွဲဆိုခြင်း ခံခဲ့ရခြင်းဖြစ်သည်။ ဇူလိုင်လ ၉ ရက်နေ့တွင်လည်း ၎င်းတို့ ၂ ဦးသည် ထိုပုဒ်မဖြင့်ပင် ရန်ကုန်မြို့၊ တာမွေမြို့နယ်တရားရုံးမှ ထောင်ဒဏ် ၆ လ ချမှတ်ခဲ့ပါသေးသည်။ သို့သော်လည်း ထိုထောင်ဒဏ် ၆ လ ၂ ကြိမ်အတွက် ၁ ကြိမ်သာ ထောင်ဒဏ် ခံရမည်ဖြစ်သည်။
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်၊ ဧရာဝတီ*

**ကိုထင်ကျော် ထောင်ဒဏ်ထပ်မံ ချမှတ်ခံရခြင်း**

***၂၀၁၄ခုနှစ်၊ ဇူလိုင်လ ၉ ရက် တွင်*** ဒီမိုကရေစီစဉ်ဆက်မပြတ်လှုပ်ရှားရေးအဖွဲ့ (MDCF) ၏ခေါင်းဆောင် ကိုထင်ကျော်အား ဗဟန်းမြို့နယ်တရားရုံးမှ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ရှေ့တွင် ခွင့်ပြုချက်မရဘဲ ဧပြီလအတွင်း ဆန္ဒပြခဲ့သည်ဟုဆိုကာ ငြိမ်းချမ်းစွာ စီတန်းလှည့်လည်ခွင့်ဆိုင်ရာ ဥပဒေပုဒ်မ ၁၈ ဖြင့် ထောင်ဒဏ် ၃ လ ထပ်မံချမှတ်လိုက်ပါသည်။ ကိုထင်ကျော်မှ "မရမ်းကုန်းမြို့နယ်၊ (၆) ရပ်ကွက်ရှိ အိမ်ထောင်စု ၂၉၃ ခုက မိသားစုများတွေဟာ အစားအသောက်နှင့် နေရာထိုင်ခင်း မရှိဖြစ်နေကြလို့ ဒေါ်အောင်ဆန်းစုကြည် နေအိမ်ကို သွားပြီး အကူအညီ တောင်းခံခဲ့ခြင်းသာဖြစ်တယ် ဆန္ဒထုတ်ဖော်တာ မဟုတ်ဘူး အဲ့အတွက် ကျနော်ကို ပုဒ်မ ၁၈ နဲ့ ဒီနေ့ထောင်ဒဏ် ချမှတ်ခဲ့တယ်" ဟု ခုခံပြောဆိုသွားသည်။ ကိုထင်ကျော်မှ ထိုမိသားစုများအား ၎င်းတို့၏ ပြဿနာများကို ဒေါ်အောင်ဆန်းစုကြည်၏ အိမ်ရှေ့တွင် ပြောဆိုနိုင်ရန် ဦးဆောင်ခေါ်ယူလာခဲ့ခြင်း ဖြစ်သည်။

***၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက် နေ့တွင်*** ကိုထင်ကျော်အား ရန်ကုန်မြို့ရှိတရားရုံးနှစ်ခုမှ ဧပြီလ ၂၈ ရက်နေ့တွင် ၎င်းတို့အဖွဲ့မှ လက်ရှိအစိုးရအား အယုံအကြည်မရှိကြောင်း ရေးသားထားသည့် လက်ကမ်းစာစောင်များအား ဝေငှခဲ့သည့်အတွက် ထောင်ဒဏ် တစ်နှစ်စီချမှတ်ခဲ့သည်။ ထိုအမှုနှစ်ခုစလုံးအတွက် ကိုထင်ကျော်အား ရာဇသတ်ကြီးဥပဒေပုဒ်မ ၅၀၅/ခ ဖြင့် ချမှတ်ခဲ့ခြင်းဖြစ်သည်။ ကိုထင်ကျော်မှ ဆန္ဒထုတ်ဖော်ရန် ခွင့်ပြုချက်မတောင်းခံခဲ့ပါ။ တောင်ဥက္ကလာပတွင် ပြုလုပ်သော ၎င်း၏ ၁၁ ကြိမ်မြောက် ဆန္ဒပြပွဲတွင် ဖမ်းဆီးခံခဲ့ရကာ ၇ ကြိမ်မြောက် ကြားနာမှုအပြီးတွင် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်သည်။

၎င်းမတိုင်မီ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့ တွင်လည်း ကိုထင်ကျော်သည် အစိုးရအား အယုံအကြည် မရှိကြောင်း လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့မှုဖြင့်ပင် ပုဒ်မ ၅၀၅/ခ ဖြင့် ထောင်ဒဏ် ၆ လ ချမှတ် ခံခဲ့ရသည်။ ထိုကဲ့သို့ ကိုထင်ကျော်အား ထောင်ဒဏ်များ ချမှတ်ခဲ့သော်လည်း ၎င်း MDCF အဖွဲ့အနေဖြင့် ၎င်းတို့၏ ကန့်ကွက်ဆန္ဒပြမှုများကို ဆက်လက် လုပ်ကိုင်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ လွတ်လပ်တဲ့အာရှ အသံ*
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ အလဲဗင်း မီဒီယာ*

**ဒီကေဘီအေ စစ်သားတစ်ဦးအား ထောင်ဒဏ် ၂ နှစ် ချမှတ်ခြင်း**

ဒီကေဘီအေ စစ်သားတစ်ယောက်ဖြစ်သည့် စောမြစော (ခ) မန်းစဘေးလေးအား အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၂ နှစ် ချမှတ်လိုက်ပါသည်။ ၎င်းအား ဓါးကိုင်ဆိုင်မှုအတွက် ပုဒ်မ ၁၉ (င) ဖြင့် ထောင်ဒဏ် ၁ နှစ်နှင့် နိုင်ငံသားကတ် ၂ ခုကိုင်ဆောင်မှု အတွက် ပုဒ်မ ၄၂၀/၄၈၆ ဖြင့် ထောင်ဒဏ် ၁ နှစ်၊ စုစုပေါင်း ထောင်ဒဏ် ၂ နှစ် ချမှတ်လိုက်ခြင်းဖြစ်သည်။ စောမြစောမှ ၎င်း၏မိဘများရွာသို့ ပြန်လာကာ ဆွေမျိုးများအား သွားရောက်တွေ့ဆုံစဉ်တွင် အာဏာပိုင်များမှ ၎င်းအိမ်သို့ ဝင်ရောက်၍ အိတ်အားစစ်ဆေးကာ "အ"နေသော ကျည်တောင့်နှင့် ဓါးအားသိမ်းဆည်းသွားခဲ့သည်။ ၎င်းနောက် စောမြစောအား ဝါးခယ်မမြို့နယ် ရဲစခန်းသို့ မအပ်မီ ဖမ်းဆီးထိန်းသိမ်းကာ စစ်ဆေး မေးမြန်းခဲ့သည်။ ၎င်းအား ထောင်ဒဏ်မချမှတ်ခင် ၁၀ လခန့် ဖမ်းဆီးချုပ်နှောင်ထားခဲ့ခြင်းဖြစ်သည်။

*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ အေအေပီပီ*

**အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ မြို့နယ်အတွင်းရေးမှူးအား ထောင်ဒဏ်တစ်လ အမိန့်ချ**

***ဇူလိုင်လ ၄ ရက်နေ့တွင်*** သရက်ခရိုင် အောင်လံမြို့နယ်တွင် မွေးမြူရေးနှင့် ရေလုပ်ငန်း ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်အား ရာထူးမှ နှုတ်ထွက်ပေးရန် ဦးဆောင်ဆန္ဒပြခဲ့သူ အောင်လံမြို့နယ် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် တွဲဖက်အတွင်းရေးမှူး ကိုမြတ်ကို (ခ) ကိုမြတ်သူအား အောင်လံမြို့နယ် တရားရုံးမှ အလုပ်ကြမ်းနှင့် ထောင်ဒဏ်တစ်လ ချမှတ်လိုက်ပါသည်။ ၎င်းအား အမိန့်ချပြီးပြီးချင်းတွင် သရက်ထောင်သို့ ခေါ်ဆောင်သွားပါသည်။

ဝန်ကြီး ဦးအုန်းမြင့်မှ မကွေးတိုင်း၊ သစ်ရာကောက်ကျေးရွာမှ ရွာသားများနှင့် တွေ့ဆုံစဉ် ရိုင်းစိုင်းစွာပြောဆိုခဲ့သည်ကို မကျေနပ်၍ ဖေဖော်ဝါရီလ ၁၀ ရက်နေ့တွင် ကိုမြတ်ကိုမှ ဦးဆောင်ကာ ဒေသခံ ၁၀၀၀ကျော်ဖြင့် ဆန္ဒပြခဲ့ခြင်းဖြစ်သည်။
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက် မဇ္ဈိမ*

# ထောင်မှလွတ်မြောက်မှုများ

**ကိုဇော်ဖေ လွတ်မြောက်**

ဇူလိုင်လ ၄ ရက်နေ့ နေ့လည် ၁ နာရီခန့်တွင် ဒီဗွီဘီသတင်းထောက် ကိုဇော်ဖေနှင့် အမှုတွဲ ကိုဝင်းမြင့်လှိုင်တို့ နှစ်ဦးသည် မကွေးမြို့နယ် သရက်ထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့ပါသည်။ ၎င်းတို့အား ယခင် ထောင်ဒဏ် ၁နှစ် ချမှတ်ထားရာမှ ယခုအခါ ထောင်ဒဏ် ၃ လ ပြင်ဆင်ချမှတ်ခဲ့ရာ ၃ လ အကုန်တွင် ပြန်လည် လွတ်မြောက်လာခြင်းဖြစ်သည်။

ဩဂုတ်လ ၂၀၁၂ခုနှစ်တွင် ဂျပန်ပညာသင်ဆုတစ်ခုနှင့် ပတ်သက်ပြီး ပုံမှန်မဟုတ်သည့် အကြောင်းအရာများနှင့် ပတ်သက်၍ တွေ့ဆုံမေးမြန်းခြင်းပြုခဲ့သဖြင့် ၎င်းတို့နှစ်ဦးအား ၂၀၁၄ ခုနှစ်၊ ဧပြီလ ၇ ရက်နေ့တွင် ပုဒ်မ ၄၄၈ နှင့် ၃၅၃ တို့ဖြင့် အရေးယူခဲ့ခြင်းဖြစ်သည်။ နိုင်ငံတကာ လူ့အခွင့်အရေး အဖွဲ့အစည်းများမှ သတင်းသမားများ ပြန်လည် လွတ်မြောက်လာသည်ကို ကြိုဆိုလိုက်သော်လည်း ထိုကဲ့သို့ သတင်းသမားများ မတရားဖမ်းဆီးခံရပြီး အပြစ်ပေးခံရခြင်းများနှင့် ပတ်သက်၍ မြန်မာနိုင်ငံ၏ သတင်းမီဒီယာ လွတ်လပ်ခွင့်အပေါ် အထူးစောင့်ကြည့်လျက်ရှိပါသည်။

*[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ ဒီဗွီဘီ]*

# ထောင်တွင်းအခြေအနေများ

ခင်ဦးမြို့နယ်တွင် နေထိုင်သော၊ ၈၈ မျိုးဆက်ကျောင်းသားများ (ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း) ၏ ဆက်ဆံရေးတာဝန်ခံ ကိုသိန်းအောင်သည် ခင်ဦးမြို့ အုပ်ချုပ်ရေးဌာန၊ တရားစီရင်ရေးဌာန၊ ဥပဒေဌာနများကို ခွင့်ပြုချက်မရပဲ ဆန္ဒပြခဲ့၍ ထောင်ဒဏ် ၆ လ ချမှတ်ခံခဲ့ရကာ ရွှေဘိုအကျဉ်းထောင်တွင်း အကျဉ်းချခံနေရစဉ် ပုဒ်မ ၄၂၈ နှင့် အမှုဆင်ပြီး ထပ်မံတရားစွဲဆို ခံခဲ့ရပါသည်။ ထောင်တွင်းသို့ တယ်လီဖုန်း သွင်းမှုဖြင့်လည်း နောက်ထပ် ထောင်ဒဏ် ၁ နှစ် ထပ်မံ ချမှတ်ထားခြင်းခံခဲ့ရပါသည်။

ထို့အပြင် ၎င်းအား သီးခြားတိုက်ပိတ်ထားခြင်း၊ ထိပ်တုံးခတ်ထားခြင်း နှင့် အကျဉ်းထောင်အရာရှိများမှ ညစဉ်လာရောက် ခြိမ်းခြောက် ရိုက်နက်မှုများ အပါအဝင် နှိပ်စက်ခံနေရခြင်းများလည်း ရှိသည်ဟု သိရှိရပါသည်။

*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၈ ရက်၊ အေအေပီပီ*

# ဇူလိုင်လ Chronology နိုင်ငံရေးနှင့် နိုင်ငံသားတို့၏ လွတ်လပ်ခွင့်အပေါ် တားမြစ်ခြင်းများနှင့် ဆန္ဒထုတ်ဖော်မှုများ

## သပိတ်စခန်း ခေါင်းဆောင် တရားစွဲခံရခြင်း

စစ်တပ်မှသိမ်းထားသော အိမ်မြေနေရာများ ပြန်လည်ရရှိရန် တောင်းဆိုခဲ့သည့် မိချောင်းကန်ရပ်ကွက် သပိတ်ခေါင်းဆောင် ဦးစိန်သန်းကို အရပ်ဝတ်လူတစ်စုမှ ကန်တော်ကြီး မျှော်စင်ကျွန်းအနီးတွင် ***ဇူလိုင်လ ၃၁ ရက်နေ့ မနက်ပိုင်းတွင် ဖမ်းဆီးခေါ်ဆောင်သွားပြီး*** နေ့လည်ပိုင်းတွင် ကျောက်တံတား၊ ပန်းပဲတန်းနှင့် လသာ ၃ မြို့နယ်တရားရုံးများမှ ပုဒ်မ ၁၈ တရားမဝင် စီတန်းလှည့်လည်မှု၊ ပုဒ်မ ၆၈ စည်ပင်သာယာအမှုများနှင့် တရားစွဲလိုက်ပြီး၊ အာမခံမပေးဘဲ ထိုနေ့ညနေပိုင်းတွင် အင်းစိန်ထောင်သို့ ပို့လိုက်ပါသည်။ နောက်တစ်ပတ်တွင် တရားရုံးထွက်ရမည်ဟုလည်း သိရပါသည်။

အိမ်မြေများ အသိမ်းခံလိုက်ရသော မိချောင်းကန် ရပ်ကွက်သားများသည် မြို့တော်ခန်းမရှေ့တွင် ၄ လ ကျော်ကြာ ဆန္ဒပြ တောင်းဆိုခဲ့ခြင်းဖြစ်ပါသည်။ ရဲတပ်ဖွဲ့မှ စည်ပင်သာယာ ဝန်ထမ်းများနှင့် အရပ်သားအချို့အား ခေါ်လာပြီး ပြီးခဲ့သော မတ်လ ၃၀ ရက် မနက် ၃ နာရီကျော်တွင် သပိတ်စခန်းအား ဝင်ရောက်ဖျက်သိမ်းခဲ့ပါသည်။
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

## ချင်းပြည်နယ်ရှိ အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူများ ထောင်ဒဏ်ချမှတ်ခံရခြင်း

ပြီးခဲ့သည့်လတွင် ခွင့်ပြုချက်မရရှိပဲ ဆန္ဒပြခဲ့သည့်အတွက် ချင်းပြည်နယ်ရှိ ***အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူ ၈ ဦးသည် ယခု ဇူလိုင်လ ၂၃ ရက်နေ့တွင် ထောင်ဒဏ် ၁ လ (သို့မဟုတ်) ငွေဒဏ် ၃ သောင်း ကျခံစေဟု ပြစ်ဒဏ်များ ချမှတ်ခြင်းကို ခံခဲ့ရပါသည်။***

မိုင်ငွန်ချင်းပါရ်၊ မိုင်ဆွေးဆွေးကြည်၊ ဒေါ်ကော်ထွေ၊ ဒေါ်တင်တင်ရီ (ခ) ဒေါ်ခင်ခင်ဇီ၊ သောင်းဇါန်၊ ခင်တလွေးပါးရ် နှင့် ချင်းလူငယ် ကိုမောင်းဟန် နှင့် ကိုတိတ်မာန်း တို့သည် အသက် ၅၅ နှစ်အရွယ် အမျိုးသမီးတစ်ဦးအား ခြေလျင်တပ်ရင်း ခလရ- ၂၆၉ မှ တပ်သားတစ်ဦးမှ အဓမ္မပြုကျင့်ခဲ့သည်ကို ဆန္ဒပြသည့်အနေဖြင့် ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၃ ရက်နှင့် ၂၄ ရက်နေ့များတွင် ချင်းပြည်နယ် ရေဇွာနှင့် မတူပီမြို့များ၌ ဆန္ဒပြပွဲများ ကျင်းပပြုလုပ်ခဲ့ကြပါသည်။ သူတို့သည် ခွင်ပြုချက် တောင်းခံခဲ့သော်လည်း ခွင့်ပြုချက်မရရှိပဲ ဆန္ဒပြခဲ့ကြသည့်အတွက် ငြိမ်းချမ်းစွာစုဝေးဆန္ဒပြခြင်းဆိုင်ရာ ပုဒ်မ ၁၈ ဖြင့် ထို့ကဲ့သို့ တရားစွဲဆိုခံခဲ့ရကာ ပြစ်ဒဏ်များ ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ဧရာဝတီ*
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ ဒီဗွီဘီ*
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ ဒီဗွီဘီ*

## တရားလွှတ်တော်ရှေ့နေ ငွေဒါဏ် ချမှတ်ခံရခြင်း

***၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်နေ့တွင်၊ ပြည်မြို့နယ်တရားရုံးမှ တရားလွှတ်တော်ရှေ့နေ ဦးမြင့်အေးအား ထောင်ဒဏ် ၁ လ (သို့မဟုတ်) ငွေဒဏ် ၃ သောင်းပေးဆောင်***ရန် ပြစ်ဒဏ်ချမှတ်ခဲ့ပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်မှ မကွေးတိုင်းရှိ နယ်ခံလူများနှင့် တွေ့ဆုံစဉ်တွင် ရိုင်းပျစွာဆဲဆိုမှုပြုခဲ့သည့်အတွက် ထိုဝန်ကြီး နှုတ်ထွက်ပေးရန် ရှေ့နေ ဦးမြင့်အေးမှ၂၀၁၄ ခုနှစ်၊ ဖေဖေါ်ဝါရီလ ၄ ရက်နေ့တွင် တောင်းဆိုဆန္ဒပြခဲ့ပါသည်။ ဦးမြင့်အေးမှ ထိုပြစ်ဒဏ်သည် မျှတသည်ဟုဆိုကာ ဒဏ်ငွေပေးဆောင်ရန် ရွေးချယ်ဆုံးဖြတ်ခဲ့ပါသည်။
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ မဇ္ဈိမ*

## တစ်ကိုယ်တော်ဆန္ဒပြသူ ဒါဏ်ငွေပေးဆောင်ရ

၂၀၁၄ ခုနှစ်၊ မတ်လအတွင်း လက်ပန်းတောင်း ကော့ပါးမိုင်း စီမံကိန်းနယ်မြေအတွင်းရှိ လယ်တီသိမ်တော်ကြီးကို ကာကွယ်ရန် တစ်ကိုယ်တော်ဆန္ဒပြခဲ့သည့်အတွက် ကိုကျော်ဆွေအား ငြိမ်းချမ်းစွာ ဆန္ဒပြမှုပုဒ်မနှင့် သက်ဆိုင်သော ပုဒ်မ ၁၈ ဖြင့် ပြည်မြို့နယ်တရားရုံးမှ ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ပြစ်ဒဏ်ချမှတ်လိုက်ပါသည်။ ကိုကျော်ဆွေအား ထောင်ဒဏ် ၁ လ သို့မဟုတ် ငွေဒဏ် ၃ သောင်း ဟု ချမှတ်ခဲ့ပါသည်။ ထောင်ဒဏ်မချမှတ်ခင် အချုပ်ထဲတွင် တစ်နာရီခန့် ထိန်းသိမ်းခြင်းကို ခံခဲ့ရပါသည်။
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ မဇ္ဈိမ*

## ပြည် မှ သတင်းထောက်တစ်ဦးအား ပြစ်ဒဏ်ချမှတ်

ဒီဗွီဘီ သတင်းထောက် ကိုဇော်ဖေလွတ်မြောက်ရေးအတွက် ဆန္ဒထုတ်ဖော်ခဲ့သည့် ပြည်မြို့မှ သတင်းထောက် ကိုရေခဲအား ပုဒ်မ ၁၈ ဖြင့်တရားစွဲဆိုထားပြီးနောက် ဇူလိုင်လ ၁၇ ရက်နေ့တွင်တရားရုံးမှ ဒဏ်ငွေ ၂ သောင်းပေးဆောင်ရန် အမိန့်ချမှတ်ခဲ့ပါသည်။

ကိုဇော်ဖေလွတ်မြောက်ရေးအတွက် ပြည်အခြေစိုက် သတင်းထောက်များသည် ဇွန်လအတွင်း ဆန္ဒထုတ်ဖော်ခဲ့ကြပါသည်။ တရားမဝင်စီတန်းလှည့်လည်ခြင်း ပုဒ်မ-၁၈ ဖြင့် ကိုရေခဲအား ပြည်ခရိုင်တရားရုံးမှ ရုံးချိန်း ၁၀ ကြိမ်ခန့် ခေါ်ယူခဲ့ပြီးနောက် ၁၇ ရက်နေ့တွင် အပြီးသတ် အမိန့်ချမှတ်ခဲ့ခြင်းဖြစ်ပါသည်။
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်၊ ဒီဗွီဘီ*

## နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှ ယူနတီသတင်းထောက်များသည် နိုင်ငံရေးအကျဉ်းသားများ ဖြစ်ကြောင်း ပြောကြား

နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့နှင့် လက်ကျန်နိုင်ငံရေးအကျဉ်းသား စီစစ်ရေးကော်မတီတို့၏ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးညိုထွန်းမှ ယူနတီဂျာနယ်မှ သတင်းသမားများသည် သူတို့၏ ကိုယ်ကျိုးအတွက်မဟုတ်ပဲ ပြည်သူလူထု အကျိုးကိုကြည့်ပြီး လုပ်ဆောင်ခဲ့သည့်အတွက် သူတို့အား နိုင်ငံရေးအကျဉ်းသားများ အဖြစ် သတ်မှတ်သင့်ကြောင်း ၎င်းတို့ကိုယ်စား ပြောကြားခဲ့ပါသည်။ ကိုညိုထွန်းမှ ၎င်းအနေဖြင့် ထိုဂျာနယ် အယ်ဒီတာ၊ သတင်းထောက်တို့၏ အရေးကိစ္စကို လက်ကျန်နိုင်ငံရေးအကျဉ်းသား စီစစ်ရေးကော်မတီ၏ နောက်လာမည့် အစည်းအဝေးတွင် ဆွေးနွေးမည်ဖြစ်ကြောင်း ကိုလည်း ပြောကြားခဲ့ပါသည်။
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်၊ မြန်မာတိုင်းမ်*

### လူထုဟောပြောပွဲ စီစဉ်မှုကြောင့် ၈၈ မျိုးဆက် နှင့် အဲန်အယ်ဒီ အဖွဲ့ဝင်စုစုပေါင်း ၁၁ ဦး တရားစွဲဆိုခံရခြင်း

ပြီးခဲ့သော ဇွန်လ ၉ ရက်နေ့တွင် မကွေးမြို့၊ အေးစေတီဘုရားဝင်း၌ ခွင့်ပြုချက်မရှိဘဲ ပုဒ်မ-၄၃၆ ပြင်ဆင်ရေးဟောပြောပွဲ ကျင်းပခဲ့ခြင်းကြောင့်ဟုဆိုကာ ဟောပြောပွဲကို ဦးဆောင် ကျင်းပခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ တာဝန်ရှိသူ ၁၁ဦး အား ပိုင်နက်ကျူးလွန်မှုဖြင့် မကွေးမြို့နယ် ရဲစခန်းမှ အမှုဖွင့်လိုက်ပါသည်။

ဇူလိုင်လ ၄ ရက် နေ့တွင် မကွေးမြို့နယ်ရဲစခန်း၌ သွားရောက် အစစ်ခံရမည်ဖြစ်ကြောင်း အမှုဖွင့်ခံထားရသူများထဲမှ တစ်ဦးဖြစ်သူ မကွေးတိုင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အတွင်းရေးမှူး ဦးနေမျိုးကျော်မှ ပြောပါသည်။ အမှုဖွင့်ခံထားရသူများမှာ မကွေးမြို့နယ် အန်အယ်လ်ဒီ ဥက္ကဌ ဦးစိုးမိုး၊ ဦးနေမျိုးကျော်၊ ဦးသန်းနိုင်၊ ဦးသန်းအောင်၊ ဦးချစ်ထွေးနှင့် ဦးရဲတင် တို့ ၆ ဦးနှင့် မကွေးမြို့နယ် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းမှ အဖွဲ့ဝင် ၅ ဦး ဖြစ်သော ဦးလှဆန်း၊ ဦးမောင်မောင်စိုး၊ ဦးသန်းထွန်းအောင်၊ ဦးညွန့်အေးနှင့် ဦးထွန်းဦးခိုင်တို့ ဖြစ်ပါသည်။
*[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ လွတ်လပ်တဲ့ အာရှအသံ]*
*[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ ပေါ်ပြူလာမြန်မာ]*

### ပေါက်ခေါင်းမြို့နယ်အတွင်း ဆန္ဒပြသူများ ပထမဦးစွာ တရားစွဲဆိုခံရခြင်း

ဦးသိန်းစိန်အစိုးရလက်ထက်တွင် ပဲခူးတိုင်း ပေါက်ခေါင်းမြို့နယ်အတွင်း ပထမဆုံးပေါ်ပေါက်ခဲ့သော ဆန္ဒပြပွဲတွင် ဦးဆောင်သူများအား အာဏာပိုင်များမှ အမှုဖွင့်လိုက်ပါသည်။ ဇူလိုင် ၁ ရက်နေ့ ပေါက်ခေါင်းမြို့ရှိ တရားရုံး၊ အထွေထွေ အုပ်ချုပ်ရေးမှူးရုံးနှင့် မြေစာရင်းရုံးများ ရှေ့တွင် ၎င်းတို့၏ သိမ်းဆည်းခံလယ်ယာမြေများ ပြန်လည်ရရှိရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အတွက် ဒေသခံတောင်သူများမှ ဆန္ဒပြရာတွင် ဆန္ဒပြမှု ဦးဆောင်သူများထဲမှ ၃ ဦးဖြစ်သော ကိုဝင်းလှိုင်၊ တောင်သူ ၂ ဦး ဖြစ်သော ဦးထွန်းရီနှင့် ဦးစိန်အောင်မြင့်တို့အား ဇူလိုင်လ ၁ ရက်နေ့တွင်ပင် ပုဒ်မ ၁၈ ဖြင့် အမှုဖွင့်လိုက်ကြောင်း သိရပါသည်။
*[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ ဧရာဝတီ]*

ရွှေညဝါတရားပွဲ ကျင်းပရန် စီစဉ်ညွှန်ကြားခဲ့သူ ကိုကျော်ဟိန်းမှ သူသည် အကျဉ်းထောင်အတွင်း ပြစ်ဒဏ်ကျခံခဲ့သော်လည်း တရားသူကြီး၏ အမိန့်ဖြင့် သူ့နေအိမ်မှ သူပိုင်ဆိုင်သော ပစ္စည်းများ သိမ်းဆည်းမှုအတွက် တရားသူကြီးအား တရားစွဲဆိုမည် ဖြစ်ကြောင်း ၂၀၁၄ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်နေ့ တွင် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်းရုံးခန်းတွင် ကျင်းပသည့် သတင်းစာရှင်းလင်းပွဲ ၌ ပြောကြားခဲ့ပါသည်။

ကိုကျော်ဟိန်းသည် တရားပွဲကျင်းပရန် စီစဉ်ညွှန်ကြားခဲ့ခြင်းကြောင့် ထောင်ဒဏ် ၁ လ သို့မဟုတ် ငွေဒဏ် ၁၀၀၀၀ ကျပ် ကျခံစေရမည်ဟု အမိန့်ချမှတ်ခဲ့ရာတွင် သူသည် ထောင်ဒဏ်အား ရွေးချယ်ခဲ့ပါသည်။

ကိုကျော်ဟိန်းမှ "ကျနော် ထောင်ကျနေတုန်းမှာ အာဏာပိုင်တွေက ဒဏ်ငွေ ပေးဆောင်ဖို့ ပြောလာပါတယ်။ ကျနော်က မပေးနိုင်ဘူးလို့ ငြင်းတော့ သူတို့က ကျနော်အိမ်က ခုံ ၂ လုံးနဲ့ ကော်ဖီမစ် ပါကင် ၂ ထုတ်ကို တရားသူကြီးရဲ့ အမိန့်နဲ့ဆိုပြီး သိမ်းသွားပါတယ်။ ဒါကြောင့် ကျနော် တရားသူကြီးကို တရားစွဲဖို့ပြင်နေပါတယ်၊ တရားစွဲဖို့လည်း အကြံညဏ်တွေ တောင်းခံနေပါတယ်။ ဘယ်တော့ တရားစွဲမယ်ဆိုတာတော့ ခုမပြောနိုင်သေးပါဘူး" ဟု ပြောသွားပါသည်။

*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်၊ မဇ္ဈိမ*

**နယ်မြေခံလယ်သမားများ တရားစွဲခံရ**

ကယားပြည်နယ် ဒီမောဆိုမြို့နယ်၊ အမှတ် ၃၆ဂ အမြောက်တပ်မှ သိမ်းဆည်းထားသော လယ်ယာမြေတွေမှာ ဂင်ရောက်ထွန်ယက်လို့ဆိုပြီး ပိုင်နက်ကျူးလွန်မှုနဲ့ ဒီမောဆိုမြို့နယ် 'ဒေါဆိုရှေ့' ရွာအနီးမှ ရွာသား ၁ဂ ဦးကို ဒီမောဆို မြို့နယ်ရဲစခန်းကမှ ဇူလိုင်လ ၃ဂ ရက်နေ့ တွင် ခေါ်ယူစစ်ဆေးခဲ့ပါသည်။

မြို့နယ်ရဲစခန်းတွင် အစစ်ဆေးခံခဲ့ရသော ရွာသား ကိုမာရီးနို မှ **"အဓိက သူပြောတာက ဒီနေ့ပြောတာက ဒီတောင်ယာတွေက ဆက်လက်ပြီး မလုပ်တော့နဲ့တဲ့၊ ကျနော် တို့က ပြန်လုပ်ချင်တယ်၊ ပြီးတော့ လုပ်သားတွေလည်းရပြီးပြီ၊ လုပ်သားတွေလည်း အကုန်လုံးအတူ တူတွေပါပဲ၊ အကုန်လုံးဒုက္ခရောက်နေကြတာကျတော့ ဒီနေရာကို မဖြစ်ဖြစ်တဲ့နည်းနဲ့ကို ထပ်တိုး ပြီးတော့မှ ကျနော်တို့ ပြန်လိုချင်တယ်"**

လွန်ခဲ့သော ၁၉၉ဂ ခုနစ်ကာလတွင် အမှတ် ၃၆ဂ အမြောက်တပ်မှ တပ်အခြေစိုက်ရန်အတွက် ဒေါဆိုရှေ့ရွာမှ အိမ်ခြေ ၃ဂလောက်အား ပြောင်းရွှေ့ခိုင်းပြီး ထိုရွာမှ လယ်ယာမြေဧက တစ်ထောင်ကျော်ကို တပ်ပိုင်မြေအဖြစ် သိမ်းဆည်းခဲ့ခြင်းဟု ရွာသားများက ပြောပါသည်။
*၂ဂ၁၄ ခုနစ်၊ ဇူလိုင်လ ၃ဂ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

**လယ်သမားများနှင့် ရဲများ ရုန်းရင်းဆန်ခတ်ဖြစ်မှု**

ဇူလိုင်လ ၂၆ ရက်နေ့တွင် လယ်သမားများနှင့် ရဲတပ်ဖွဲ့ဝင်အချို့တို့သည် အငြင်းပွားဖွယ် လက်ပံတောင်းတောင် ကြေးနီစီမံကိန်းနယ်မြေအနီးတွင် ရုန်းရင်းဆန်ခတ်မှုတစ်ရပ် ဖြစ်ပွားခဲ့သည်။ မြန်မာ့အလင်းသတင်းစာတွင် လယ်သမား ၆ဂကျော်မှ နွားအကောင်ရေ ၈ဂ ကျော်ဖြင့် ရောက်ရှိလာကာ ၎င်းတို့၏ နွားများအားကျောင်းခွင့်ပြုပါရန် တောင်းဆိုခဲ့ကြကြောင်း ဖော်ပြထားပါသည်။ ရဲတပ်ဖွဲ့ဝင်များမှ ငြင်းဆန်သောအခါ ၎င်းတို့သည် ခြံစည်းရိုးများကို ဆွဲဖြုကာ အတင်းဝင်ရောက်ရန် ကြိုးစားခဲ့ကြကြောင်းနှင့် ရဲတပ်ဖွဲ့ဝင်များမှ ၎င်းတို့၏ နွားများအား တွန်းထုတ်သောအခါ ၎င်းတို့မှ ကျောက်တုံးများ၊ လေးခွများဖြင့် တိုက်ခိုက်ခဲ့ကြသဖြင့် ရဲတပ်ဖွဲ့ဝင် ၅ ဦး ထိခိုက် ဒဏ်ရာရခဲ့ကြောင်းကိုပါ ဖော်ပြထားပါသည်။ ၎င်းအပြင် ရွာသားများမှ ထိုကဲ့သို့ တိုက်ခိုက်ခဲ့သည့်အတွက် ရဲတပ်ဖွဲ့မှ လူစုခွဲရန် သတိပေးသည့် အနေဖြင့် သေနတ်ဖောက်ခဲ့ရခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။ သို့ရာတွင် ရွာသားများမှ ထိုမြေသည် ၎င်းတို့မြေဖြစ်ကာ ထိုကဲ့သို့ ကျူးကျော်မှုနှင့် တိုက်ခိုက်မှုတို့ မပြုလုပ်ခဲ့ကြောင်း ငြင်းဆိုထားပါသည်။ ရွာသားတစ်ဦးမှ ထိုမြေအတွက် လျော်ကြေးမယူခဲ့ကြောင်းနှင့် ၎င်းတို့၏ မြေမှာ တရားမဝင် သိမ်းဆည်းခံခဲ့ရခြင်းဖြစ်ကြောင်းပြောဆိုခဲ့ပါသည်။ ရွာခံများမှ ထိုမြေပေါ်တွင် နွားကျောင်းခွင့်ပြုရန် ဇူလိုင်လ ၂၃ ရက်နေ့တွင် တောင်းဆိုခဲ့သော်လည်း မြို့နယ်အာဏာပိုင်များမှ ထိုတောင်းဆိုချက်အား ငြင်းဆိုခဲ့သည်။ ထို့နောက် သုံးရက်အကြာတွင် လယ်သမားများမှ ထိုနေရာရှိ ခြံစည်းရိုးများအား ဖယ်ရှားပေးရန် သွားရောက် တောင်းဆိုရာ ရဲတပ်ဖွဲ့ဝင်များမှ လေးခွများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် ရွာသားနှစ်ယောက် ဒဏ်ရာရရှိသွားကြောင်း သိရှိရပါသည်။ သို့ရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ကိုဇော်မျိုးညွန့်မှ ထိုကဲ့သို့ ရွာသားများ ထိခိုက်ဒဏ်ရာရရှိမှု မရှိကြောင်းနှင့် ရဲတပ်ဖွဲ့ဝင်များသည် ဥပဒေအရ ဆောင်ရွက်နေခြင်းသာဖြစ်ကြောင်း ပြောဆိုခဲ့ပါသည်။
*၂ဂ၁၄ ခုနစ်၊ ဇူလိုင်လ ၂၈ ရက်၊ မြန်မာ့အလင်း*
*၂ဂ၁၄ ခုနစ်၊ ဇူလိုင်လ ၂၉ ရက်၊ ဒီဗွီဘီ*

**စစ်ကိုင်းတိုင်းတွင် လယ်သမား ၅ဂ ကျော် ထောင်ဒဏ်များ ချမှတ်ခံရခြင်း**

ဇူလိုင်လ ၁၇ ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ ကန့်ဘလူမြို့နယ်မှ လယ်သမား ၂၄ ဦးသည် ထောင်ဒဏ် ၃ လမှ ၅ နှစ် နှင့် ၃ လ အထိ အသီးသီးကျခံခဲ့ရကာ လယ်သမားစုစုပေါင်း ၂၂၂ ဦး တို့မှာလည်း ကန့်ဘလူမြို့နယ်၊ ရွှေဘိုခရိုင်၊ စစ်ကိုင်းတိုင်း ထွန်တုံးတိုက်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့သဖြင့် တရားစွဲဆိုခြင်းခံထားရသည်။ ၎င်းမြေအား စစ်တပ်မှ ၁၉၉၇ ခုနစ်တွင် သိမ်းဆည်းထားကာ လက်ရှိတွင် ကြံစိုက်ပျိုးထားသော လယ်မြေပေါ်တွင် ထွန်တုံးတိုက်ပွဲဆင်နွှဲခဲ့သဖြင့် လယ်သမားများအား ကျူးကျော်ဝင်ရောက်မှုနှင့် အကျိုးပျက်စီးစေမှုများဖြင့် စွဲဆိုထားခဲ့ခြင်းဖြစ်၍ အမှု ၁ မှုစီအတွက် ထောင်ဒဏ် ၃ လစီ ချမှတ်ခံခဲ့ရခြင်းဖြစ်သည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ၂ဂ၁၃ ခုနစ်၊ မတ်လ တွင်တောင်သူများအား လယ်မြေအများစုကို ပြန်လည်ပေးအပ်မည်ဟု ကြေညာထားခဲ့ပြီး အစိုးရမှလည်း လယ်မြေများအား တရားဝင်ပေးအပ်ကာ တောင်သူများမှာ တရားဝင်လယ်မြေပိုင်ဆိုင်မှု ဆိုသည့် ပုံစံ၃လည်း ကျထားပြီးဖြစ်သည်။ သို့ရာတွင် လက်ရှိ သီးစားချထားသောကုမ္ပဏီမှ ထိုနေရာမှ ဖယ်ရန်ငြင်းဆန်ရာ ထိုကဲ့သို့ အငြင်းပွားမှုများ ဖြစ်ပေါ်လာခြင်းဖြစ်သည်။ ၎င်းကုမ္ပဏီမှ လယ်မြေအား သီးနှံရိတ်သိမ်းပြီးချိန်တွင် ဖယ်ရှားပေးရန် ကတိပြုထားခဲ့သော်လည်း မဖယ်ပေးသဖြင့် ကုမ္ပဏီနှင့်လယ်သမားတို့အကြား တင်းမာမှုများ ပေါ်ပေါက်လာကာ ယခုကဲ့သို့ ထွန်တုံးတိုက်ပွဲဆင်နွှဲခြင်းဖြစ်သည်။ ၂ဂ၁၄ ခုနစ်၊ မေလအတွင်းတွင် ထွန်တုံးတိုက်ပွဲဝင်ခဲ့သော တောင်သူ ၄ဂဂ ကျော်အား စစ်တပ်မှသီးစားချထားသော တောင်သူများမှ အကျိုးဖျက်ဆီးမှုဖြင့် တရားစွဲဆိုခဲ့ပြီး လယ်သမား ၁၉ ဦးမှာ အာဏာပိုင်များနှင့် ငြင်းခုံခဲ့သဖြင့် ဒဏ်ငွေများချမှတ်ခံခဲ့ရသည်။ ၂ဂ၁၄ ခုနစ်၊ ဇူလိုင်လ ၁၄ ရက်တွင် လယ်သမား ၃ ဦးသည် ဆန္ဒပြပွဲကို ဦးဆောင်ခဲ့သည့်အတွက် ထောင်ဒါဏ်များ ချမှတ်ခြင်းကိုလည်း ခံခဲ့ရပါသည်။ စစ်ကိုင်းတိုင်းအတွင်း အပြည်ပြည်ဆိုင်ရာ အလုပ်သမားများအဖွဲ့ (ILO) နှင့် ချိတ်ဆက်ဆောင်ရွက်ပေးသူ လယ်သမား ဦးကောင်းထွန်းအပါအဝင် လယ်သမား ၂ ဦးတို့အား ထောင်ဒါဏ် ၂ နှစ်စီနှင့် ကျန်လယ်သမား ၁ ဦးအား ထောင်ဒါဏ် ၁ နှစ် အသီးသီး ချမှတ်ခဲ့ပါသည်။

ဇူလိုင်လ ၁၈ ရက်နေ့တွင် ကန့်ဘလူမြို့နယ်တရားရုံးမှ နောက်ထပ် တောင်သူ ၃၂ ဦးအား ကျူးကျော်ဝင်ရောက်မှု၊ အကျိုးဖျက်ဆီးမှုတို့ဖြင့် ထောင်ဒဏ်ချမှတ်ခဲ့ကာ ဇူလိုင်လ ၂၃ ရက်နေ့တွင် ထောင်ချခံရသော လယ်သမားတစ်ချို့အား နယ်ဝေးထောင် အသီးသီးသို့ ပြောင်းရွှေ့ခဲ့ပါသည်။ ဦးကောင်းထွန်း၊ ဦးကျော်အေး နှင့် ဦးမြင့်မောင်တို့အား ပခုက္ကူထောင်၊ ဦးဝင်းဘို၊ ဦးစိန်ထွန်းနှင့် ဦးသန်းဆွေတို့အား မြင်းခြံထောင်၊ ဦးမောင်ပု၊ ဦးမြင့်ထူး၊ ဦးမြတ်လင်းနှင့်

ဦးသောင်းမြင့်တို့အား မိတ္ထီလာထောင်၊ ဦးဇော်မင်း၊ ဦးလှမိုး၊ ဦးကျော်ထွန်းနိုင်တို့အား တောင်ငူထောင်၊ ဦးထွန်းနိုင်၊ ဦးကျောက်ခဲ တို့အား ပဲခူးထောင် နှင့် ကျန်သူများမှာ လက်ရှိအချိန်၌ ရွှေဘိုထောင် အကျဉ်းထောင်အတွင်း ဆက်လက်ဖမ်းဆီးထိန်းသိမ်းထားနိုင်သည်ဟု သိရှိရပါသည်။
ထပ်မံ၍သိရှိရသည်မှာ ဇူလိုင်လ ၂၅ ရက်နေ့တွင် စစ်သား ၂၀၀ ဝန်းကျင်သည် ထိုဖမ်းဆီးခံရသောလယ်သမားတို့ စိုက်ပျိုးထားသော သီးနှံများကို လာရောက်ဖျက်ဆီးသွားကြောင်း နှင့် ထို့အပြင် လယ်သမားတို့၏ မိသားစုဝင် ၅၀ ခန့်သည်လည်း တရားစွဲခံထားရကြောင်း သိရှိရပါသည်။

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ ဒီဗွီဘီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ ဘီဘီစီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်၊ ဧရာဝတီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ ဒီဗွီဘီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ အေအေပီပီ

### ထားဝယ်မှ လယ်သမား ၁၉ ဦးထောင်ဒဏ်ပေးခံရ

တနင်္သာရီတိုင်းထားဝယ်မြို့တွင် နေထိုင်သောအမျိုးသား ၁၀ ဦးနှင့် အမျိုးသမီး ၉ ဦး စုစုပေါင်းလယ်သမား ၁၉ ဦးအား ထားဝယ်ခရိုင်ဒုအုပ်ချုပ်ရေးမှူးမှ တရားစွဲထားခဲ့ရာ တရားရုံးမှ ပြစ်ဒဏ် အသီးသီး ချမှတ်လိုက်ပါသည်။ အမျိုးသား ၁၀ ဦးအား ဂတ္တရားနှောင့်ယှက်မှု၊ သက်သေခံပစ္စည်း ဖျောက်ဖျက်မှု၊ ဆဲဆိုမှုပုဒ်မများဖြင့်ထားဂယ်မြို့နယ်တရားရုံးမှ ထောင်ဒဏ်များချမှတ်ခဲ့ပါသည်။ အမျိုးသမီး ၉ ဦးအား ငွေဒဏ်များ အသီးသီးချမှတ်ခဲ့ပါသည်။ ၎င်းတို့အထဲမှကိုကြူလွင်အား ပုဒ်မ ၃ ခုဖြင့် ထောင်ဒဏ် ၉ လ နှင့် ၁၅ ရက်၊ ဦးသောင်းညွန့်အား ဆဲဆိုမှု၊ ဝတ္တရားနှောက်ယှက်မှု ပုဒ်မ ၂ ခုဖြင့် ထောင်ဒဏ် ၆ လ၊ လယ်သမားအစည်းအရုံး ခေါင်းဆောင် ဦးထွန်းထွန်းဦးနှင့် အခြားအမျိုးသား ၇ ဦးအား ဝတ္တရားနှောက်ယှက်မှု တို့ဖြင့် ထောင်ဒဏ် ၃ လ အသီးသီး ချမှတ်လိုက်ပြီးနောက် ၎င်းတို့အား ထားဝယ် အကျဉ်းထောင်တွင် ဖမ်းဆီးထားပါသည်။

အမျိုးသမီး ၉ ဦးအားထောင်ဒဏ် ၆ လ သို့မဟုတ် ငွေဒဏ် ၁ သောင်းကျခံစေခဲ့ရာ ၎င်းတို့အားလုံး ငွေဒဏ်ပေးဆောင်ခဲ့ကြပါသည်။ လွန်ခဲ့သော နှစ် ၂၀ ကျော်တွင် ထားဂယ်မြို့သစ် စီမံကိန်းအတွက် တိုင်းဒေသကြီးအစိုးရမှ လယ်ယာမြေဧက ၅၀၀ ကျော်အား သိမ်းဆည်းထားခဲ့ခြင်းဖြစ်ပါသည်။ ဇွန်လ ၁ ရက် နေ့တွင် လျော်ကြေးမယူထားသော လယ်သမား ၂၀ ဦး ပိုင်ဆိုင်သည့် လယ်မြေများပေါ်၌ ခရိုင်အုပ်ချုပ်ရေးမှူးအဖွဲ့မှ မြေကွက်ဖော်ဆောင်ခြင်းအား လယ်သမားများမှတားဆီးခဲ့ရာတွင် ပဋိပက္ခများပေါ်ပေါက်လာခြင်းဖြစ်ပါသည်။

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ ဒီဗွီဘီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်၊ ဒီဗွီဘီ

### ဖရူဆိုမှ လယ်သမားများ တရားစွဲခံရ

ကယားပြည်နယ် ဖရူဆိုမြို့နယ်တွင် စစ်တပ်မှသိမ်းထားသော လယ်ယာမြေတွင် ဂင်ရောက် ထွန်ယက်ခဲ့သော တောင်သူ ၁၉၀ ဦးအား အမှတ် ၅၃၁ ခြေမြန်တပ်ရင်းမှူးမှ ပိုင်နက်ကျူးလွန်မှုဖြင့် အမှုဖွင့်ခဲ့ရာ အမှုဖွင့်ခံရသော တောင်သူ ၁၉၀ ဦးထဲမှ တစ်ရက်လျှင် ၁၀ ဦးစီ ရဲစခန်းတွင်လာရောက်အစစ်ဆေးခံရန် အကြောင်းကြားထားပါသည်။ သို့သော် တောင်သူအချို့မှာ သွားရောက် အစစ်ခံရန် ငြင်းဆိုလိုက်ပါသည်။ လွန်ခဲ့သော ၁၉၉၀ ခုနှစ်လောက်တွင် မြေဧက စုစုပေါင်း ၁၂၀၀ ကျော်အား အမှတ် ၅၃၁ ခြေမြန်တပ်ရင်းမှ သိမ်းဆည်းခဲ့ကာ သီးစားချထားခြင်းဖြစ်ပါသည်။ သိမ်းဆည်းခံထားရသော မြေပေါ်တွင် ဂင်ရောက်စိုက်ပျိုးလိုပါက တပ်ပိုင်မြေတွင် လုပ်ကိုင်ခြင်းဖြစ်ကြောင်း လက်မှတ်ရေးထိုးရမည်ဟူသည့် စစ်တပ်၏ ညွှန်ကြားချက်အား ကန့်ကွက်ရန် ဒေသခံတောင်သူများမှ လွန်ခဲ့သော မေလ ၂၇ ရက်နေ့ နှင့် ၂၈ ရက်နေ့တို့တွင် ဂင်ရောက် ထွန်ယက်ခဲ့ကြခြင်းဖြစ်ပါသည်။

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ လွတ်လပ်တဲ့ အာရှအသံ

### တံတားဦးမှ လယ်သမားများ၏ သိမ်းဆည်းခံလယ်တစ်ဝက် ပြန်လည်ရရှိ

ဇွန်လ ၂၈ ရက်နေ့တွင် မန္တလေးတိုင်း၊ တံတားဦးမြို့နယ်မှ လယ်မြေများအား ပြန်လည်ပေးအပ်ခြင်း အခမ်းအနားတစ်ခု ကျင်းပခဲ့ပါသည်။ ထိုအခမ်းအနားတွင် ရွာ ၄ ရွာမှ လယ်သမားများအား လယ်မြေဧက ၅၀၀၀ ကျော်အား ပြန်လည်ပေးအပ်ခဲ့ခြင်းဖြစ်ပါသည်။ သို့ရာတွင် လယ်သမားများမှ ထိုမြေဧကသည် ၎င်းတို့မူလမြေ၏ ထက်ဝက်သာဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထိုမြေများကို ၁၉၉၀ ခုနှစ် အစောပိုင်းတွင် စစ်အစိုးရမှ မန္တလေးနိုင်ငံတကာ လေဆိပ် ဆောက်လုပ်ရန်အတွက် သိမ်းယူခဲ့ခြင်းဖြစ်ကာ လေဆိပ်ဆောက်လုပ်ပြီးစီးချိန်တွင် လယ်ဧက ၉၀၀၀ ခန့် အသုံးမပြုရသေးပဲ ကျန်ရှိနေခဲ့ပါသည်။ ယခုကဲ့သို့ အနည်းငယ်သော အောင်မြင်မှုများ ရရှိခဲ့သော်လည်း လယ်သမားများမှာမူ ကျန်ရှိနေသေးသော လယ်ဧကအားလုံး ပြန်လည်ရရှိသည်ထိ တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ သမ္မတမှခန့်အပ်ထားသော “လယ်မြေနှင့် အခြားမြေများ သိမ်းဆည်းရေးကိစ္စ စုံစမ်းစစ်ဆေးရေးကော်မရှင်” မှ စက်တင်ဘာလတွင် နောက်ဆုံးထား၍ မြေယာသိမ်းဆည်းမှုများကို ပြန်လည်ပေးအပ်ခြင်း သို့မဟုတ် လုံလောက်သော နစ်နာကြေးပေးခြင်းများ ပြုလုပ်ကာ ပြီးပျက်အောင်ဖြေရှင်းသွားမည် ဖြစ်ကြောင်း ထုတ်ပြန်ခဲ့ပါသည်။

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ ဒီဗွီဘီ

# သတင်းထဲမှ အေအေပီပီ

အေအေပီပီ၏ သတင်းထုတ်ပြန်ချက်ဖြစ်သော မြန်မာနိုင်ငံအတွင်းရှိ သတင်းဌာနများအပေါ် မြန်မာအစိုးရမှ ဆက်လက်ဖိနှိပ်နေကြောင်းဆိုသည့် အချက်ကို Burmese News International (BNI) မှ သတင်းထုတ်ပြန်သွားပါသည်။ ထိုသတင်းထုတ်ပြန်ချက်မှ အစိုးရ၏ ၁၉၂၃ ခုနှစ် လျှို့ဝှက်အက်ဥပဒေအား အသုံးပြုကာ ယူနတီဂျာနယ်မှ သတင်းထောက်များအား ထောင်ဒဏ်ချမှတ်သည့်အပေါ်နှင့် ၁၉၅၀ ခုနှစ် အရေးပေါ်အက်ဥပဒေအား အသုံးပြုပြီး ဘိုင်မွန်းတည့်နေဂျာနယ်မှ အယ်ဒီတာများ၊ သတင်းထောက်များအား ဖမ်းဆီးထားမှုအပေါ် မေးခွန်းထုတ်သွားကာ လူထု၏လွတ်လပ်ခွင့်အား ကာကွယ်ပေးနိုင်ရန် အစိုးရအနေဖြင့် ကတိပြုနိုင်ခြင်း မရှိကြောင်း သက်သေအနေဖြင့် မြန်မာအစိုးရ၏ လက်တလော လုပ်ရပ်များသည် စစ်အာဏာရှင်အစိုးရလက်အောက်တွင် သတင်းလွတ်လပ်ခွင့်အား ဖိနှိပ်ခဲ့သည်ကို အမှတ်ရမိစေကြောင်း အေအေပီပီမှ ပြောကြားသွားသည်ကို ရည်ညွှန်းကိုးကားသွားပါသည်။ ကရင့်သတင်းစဉ် သတင်းဌာနနှင့် အေအေပီပီ၏ တွဲဖက်အတွင်းရေးမှူး ဦးဘိုကြည်တို့၏ တွေ့ဆုံမေးမြန်းခန်းတွင်လည်း ဦးဘိုကြည်မှ ၎င်းအနေဖြင့် ယူနတီဂျာနယ်မှ သတင်းထောက်များသည် တရားမျှတမှုရှိသည့် တရားခွင်တွင် ဆုံးဖြတ်ခံရခြင်း ရှိမရှိအား သံသယ ဖြစ်မိကြောင်း ပြောကြားသွားပါသည်။ ၎င်းမှ ဂျာနယ် သတင်းထောက်များ ထောင်ဒဏ်နှစ်ရှည် ချမှတ်ခံရခြင်းသည် မြန်မာနိုင်ငံအတွင်း သတင်းလွတ်လပ်ခွင့် အားနည်းနေခြင်းကို ပြသနေကြောင်းကိုပါ တွေ့ဆုံ မေးမြန်းခန်းအတွင်း ထပ်မံဖြည့်စွက် ပြောကြားသွားပါသေးသည်။

*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ Burmese News International*

မြန်မာနိုင်ငံ အတွင်းရှိ နိုင်ငံရေးအကျဉ်းသားများ၏ လက်ရှိအခြေအနေ အပေါ် အေအေပီပီမှ ဦးဘိုကြည်၏ ပြောကြားမှုတို့ကို ရည်ညွှန်းကာ မြန်မာတိုင်းမ် ပြည်တွင်းသတင်းဌာနသည် နိုင်ငံရေးအကျဉ်းသားများ လွတ်မြောက်မှုနှင့် ပတ်သက်ပြီး နိုင်ငံတကာမှ ဖိအားများသည် လျော့နည်းလာကြောင်းကို သတင်းထုတ်ပြန်သွားပါသည်။

*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ မြန်မာတိုင်းမ်*

**မွန်တက်ကြွလှုပ်ရှားသူတစ်ဦး Asian Women's ဆု ရရှိ**

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်နေ့တွင် ခင်ခင်ကြူသည် N-Peace ဆုအား အာဖဂန်နစ္စတန်၊ အင်ဒိုနီးရှား၊ နီပေါလ်၊ ပါကစ်စတန်မှ တက်ကြွလှုပ်ရှားသူ အမျိုးသမီး ၄ ဦးတို့နှင့်အတူ ရရှိသွားခဲ့ပါသည်။ ထိုဆုအား ပဋိပက္ခဖြစ်ပွါးမှုများကို တားဆီးရန်၊ ဖြေရှင်း ဆောင်ရွက်ရန်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ တည်ဆောက်ရန် ဆိုသည့် ကဏ္ဍများတွင် အမျိုးသမီးများ၏ ဦးဆောင်မှုကို ပံ့ပိုးကူညီရန်အတွက် ရည်ရွယ်ပြီး ၂၀၁၀ ခုနှစ်တွင် ဖွဲ့စည်းတည်ထောင် ခဲ့သည့် N-Peace Network မှ ပေးအပ်ခြင်း ဖြစ်သည်။ ခင်ခင်ကြူသည် မြန်မာနိုင်ငံ အတွင်းရှိ လူနည်းစုဖြစ်သော တိုင်းရင်းသား အမျိုးသမီးတို့၏ အခွင့်အရေးများ အတွက် နှစ်ပေါင်း ၁၅ နှစ်ကျော်ကြာ လုပ်ဆောင်ခဲ့ပါသည်။ သူမသည် မွန်လက်နက်ကိုင် တော်လှန်ရေးသမားများ ထိန်းချုပ်ထားသော နယ်မြေတွင် သူမ၏အလုပ်များကို စတင်လုပ်ဆောင်ခဲ့ကာ၊ မွန်ပြည်သစ်ပါတီ၏ အဖွဲ့ဝင်အဖြစ်လည်း နှစ်ပေါင်း ၁၇ နှစ်ကျော်ကြာအောင် လုပ်ဆောင်ခဲ့ပါသည်။ လက်ရှိအနေဖြင့် သူမသည် "မွန်အမျိုးသမီးများအဖွဲ့" တွင် အုပ်ချုပ်ရေးမှူးနှင့် ဒု ဥက္ကဋ္ဌအဖြစ် တာဝန် ထမ်းဆောင်နေပါသည်။

*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ ဧရာဝတီ*

**စာနယ်ဇင်း သတင်းမီဒီယာသမားများအပေါ် အာဏာပိုင်တို့၏ လက်တစ်လောအရေးယူလုပ်ဆောင်မှုအား များစွာသောအဖွဲ့အစည်းများမှ ရှုံ့ချလိုက်ခြင်း**

ယူနတီ သတင်းထောက်များအား ထောင်ဒဏ်ချမှတ်မှုနှင့် ဘိုင်မွန်းတည့် နေဂျာနယ်မှ ဝန်ထမ်းများအား ဖမ်းဆီးမှုအပါအဝင် မြန်မာနိုင်ငံအတွင်း စာနယ်ဇင်း သတင်းမီဒီယာ လွတ်လပ်ခွင့်နှင့် ပတ်သက်ပြီး ဖြစ်ပျက်ခဲ့သော ယခုဇူလိုင်လအတွင်း အဖြစ်အပျက်များအား မြန်မာနိုင်ငံအတွင်းနှင့် နိုင်ငံတကာ အဖွဲ့အစည်းများစွာမှ ဝေဖန်ပြစ်တင်ခဲ့ကြပါသည်။

မြန်မာနိုင်ငံရှိ သတင်းမီဒီယာနှင့်ဆိုင်သော အဖွဲ့အစည်း ၄ ခု (မြန်မာသတင်းထောက်များ သမဂ္ဂ၊ မြန်မာသတင်းထောက်များ ကွန်ရက်၊ မြန်မာစာရေးဆရာများနှင့် သတင်းထောက်များ အစည်းအရုံး၊ နှင့် မြန်မာကလောင် အဖွဲ့) တို့မှလည်း ယခုအစိုးရ၏ လက်တလော လုပ်ဆောင်မှုများနှင့် ယခင်အာဏာရှင်တို့၏ လုပ်ဆောင်ချက်များကို နှိုင်းယှဉ်ကာ ပူးတွဲစာတစ်စောင် ထုတ်ပြန်သွားခဲ့ပါသည်။

အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ကြီး၏ အာရှ ပစိဖိတ် ဒေသဆိုင်ရာ ဒုတိယဒါရိုက်တာ Rupert Abbott မှ"အာဏာပိုင်တွေက အရင်စစ်အစိုးရ လုပ်ဆောင်ခဲ့သလိုပဲ၊ ရက်စက်ပြင်းထန်တဲ့ ယခင် အသုံးပြုခဲ့တဲ့ ဥပဒေတွေကို ဆက်လက်အသုံးပြုပြီး၊ ဆန့်ကျင်ဆန္ဒပြ သူတွေရဲ့အမြင်တွေနဲ့ မျှတတဲ့ သတင်းထုတ်ပြန်မှုတွေ တိတ်ဆိတ်ရပ်တန့်သွားအောင် လုပ်နေတာပါ၊ အာဏာပိုင်တွေအနေနဲ့ ငြိမ်းချမ်းစွာ စုဝေးဆန္ဒပြခွင့်နဲ့ လွတ်လပ်စွာ ဆန္ဒထုတ်ဖေါ်ခွင့်တွေနဲ့ ပတ်သက်ပြီး ကန့်သတ်ထားတဲ့ ဥပဒေအားလုံးကို ပြန်လည်ပြင်ဆင်ရပါမယ်" ဟု ၎င်း၏အမြင်ကို ပြောကြားသွားပါသည်။ the International Federation of Journalists (IFJ)၊ သတင်းထောက်များ ကာကွယ်စောင့်ရှောက်ရေးကော်မတီ (CPJ)၊ နယ်စည်းမခြား သတင်းထောက်များအဖွဲ့ (RSF)၊ South East Asia Press Alliance နှင့် အာရှလူ့အခွင့်အရေး ကော်မရှင် (AHRC) တို့မှလည်း အစိုးရ၏ လက်တစ်လော လုပ်ဆောင်မှုများကို ကို အလားတူပင် ပြစ်တင်ဝေဖန်သွားပါသည်။

အမေရိကန်နှင့် ဗြိတိန်အစိုးရတို့မှလည်း ယူနတီသတင်းထောက်တို့၏ ထောင်ဒဏ်များနှင့် ပတ်သက်ပြီး ပြောကြားခဲ့ပါသေးသည်။ အမေရိကန်နိုင်ငံ ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် အလုပ်သမားရေးရာ ဗျူရို၏ လက်ထောက်အတွင်းရေးမှူး Tom Malinowski မှ မြန်မာအစိုးရအနေဖြင့် စာနယ်ဇင်းသတင်းမီဒီယာနှင့် ပတ်သက်သော ပြဿနာများအား ရဲဗျူဟာများ အသုံးပြုခြင်းအားဖြင့် မဆောင်ရွက်သင့်ကြောင်း ပြောကြားကာ၊ ထို သတင်းမီဒီယာ ပြဿနာများအတွက် မြန်မာအစိုးရမှ ထိုကဲ့သို့သတင်းထောက်များအား ဖမ်းဆီးခြင်းဖြင့် တုန့်ပြန်ပါကာ မြန်မာအစိုးရအနေဖြင့် ကျန်ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရေးတွင် ယခင်ကဲ့သို့ပြန်လည် ဖြစ်သွားမည့်အရေးကို မလိုလားသင့်ကြောင်း ၎င်းမှ ထပ်မံပြီး သတိပေး ပြောကြားလိုက်ပါသည်။

*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ အလဲဗင်း*
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ BNI*
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ ဒီဗွီဘီ*
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ ဒီဗွီဘီ*
*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊ Scoop*

**ကမ္ဘာ့ကုလသမဂ္ဂ မြန်မာနိုင်ငံဆိုင်ရာ ကိုယ်စားလှယ်မှ စာနယ်ဇင်းသတင်းမီဒီယာလွတ်လပ်ခွင့်၊ ကျန်ရှိနိုင်ငံရေးအကျဉ်းသားအရေး၊ မြေယာသိမ်းဆည်းမှုများ အရေးနှင့်ပတ်သက်ပြီး ပြောကြား**

မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ် Ms. Yanghee Lee သည် မြန်မာနိုင်ငံသို့ သွားရောက်သော သူမ၏ပထမဦးဆုံးခရီးစဉ်အတွင်း၊ မြန်မာအစိုးရမှ တိုးတက်မှုများ လုပ်ဆောင်နိုင်သည့်အပေါ် ချီးကျူးဂုဏ်ပြုခဲ့သလို "နောက်ပြန်လှည့်နိုင်ခြေရှိသည့် စိုးရိမ်ဖွယ်ရာလက္ခဏာများ" ကိုလည်း မြင်ခဲ့ရကြောင်း၊ လူထုအခြေပြု အဖွဲ့အစည်းများနှင့် စာနယ်ဇင်း သတင်းမီဒီယာများနှင့် ပတ်သက်ပြီး လွတ်လပ်ခွင့်များ နည်းပါးပြီး နောက်ပြန်ဆုတ်လာကြောင်း သူမစကားပြောခဲ့သည့် လူပုဂ္ဂိုလ်များမှ ရှု့မြင်သုံးသပ်ကြပြီး ပြည်သူလူထုမှ သူတို့၏ အခွင့်အရေးများအတွက် ငြိမ်းချမ်းစွာ ထုတ်ဖေါ် ပြောဆိုမှုများကိုလည်း ငြိမ်းချမ်းစွာ စုဝေးခွင့်နှင့်ဆိုင်သော ပုဒ်မ ၁၈ အရ ဖမ်းဆီးမှုများ ဆက်လက် လုပ်ဆောင်နေသည်ကိုလည်း သိရှိခဲ့ရပါကြောင်း သူမအနေဖြင့် မြေယာများသိမ်းဆည်းခံရကာ ပြောင်းရွှေ့ခြင်း ခံခဲ့ရသည့် လယ်သမားများနှင့် မြေယာအရေး ကူညီဆောင်ရွက် တက်ကြွလှုပ်ရှားသူများ ရင်ဆိုင်နေရသည့် သီးခြား စိန်ခေါ်မှုပြဿနာများကိုလည်း သိရှိပါကြောင်း ထုတ်ဖေါ် ပြောကြားသွားပါသည်။

နိုင်ငံရေးအကျဉ်းသားများအရေးနှင့် ပတ်သက်ပြီး လက်ရှိအစိုးရ အာဏာလွှဲပြောင်းယူလိုက်သည့်အချိန်မှစ၍ နိုင်ငံရေးအကျဉ်းသားများအား လွတ်ငြိမ်းချမ်းသာခွင့်ပေးမှုအပေါ် သူမမှအစိုးရအား ချီးကျူးခဲ့သော်လည်း

လက်ကျန် နိုင်ငံရေးအကျဉ်းသားများ အားလုံးအား လွှတ်ပေးရန်မှာ ဦးစားပေး လုပ်ဆောင်ရမည့် ကိစ္စရပ်တစ်ခုဖြစ်ကြောင်း၊ လက်ကျန နိုင်ငံရေးအကျဉ်းသား စီစစ်ရေး ကော်မတီကိုလည်း နိုင်ငံရေးလှုပ်ရှားမှု များကြောင့် ဆက်လက် ဖမ်းဆီးခံနေရသည်များကို စီစစ်ရန်နှင့် လွှတ်လာသော နိုင်ငံရေးအကျဉ်းသားများ ပြည်လည်ထူထောင်နိုင်ရေး လုပ်ငန်းစဉ်များအတွက်ပါ စဉ်းစားပေးရန် လုပ်ပိုင်ခွင့်ရှိသည့် တရားဝင ဖွဲ့စည်းသည့် အဖွဲ့အစည်းတစ်ခုအဖြစ် ဖြစ်စေချင်ကြောင်း တိုက်တွန်းပြော ကြားသွားပါသည်။

*[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ မဇ္ဈိမ]*

**ကုလသမဂ္ဂမှ ဦးဘရန်ယုန် မတရားသဖြင့်ဖမ်းဆီးထိန်းသိမ်းခံရမှုအား အသိအမှတ်ပြုခြင်း**

ကမ္ဘာ့ကုလသမဂ္ဂဆိုင်ရာ မတရားဖမ်းဆီးထိန်းသိမ်းမှုများအပေါ် စီမံလုပ်ဆောင်ရေးအဖွဲ့သည် မြန်မာအစိုးရမှ ကချင်အမျိုးသား ဦးဘရန်ယုန်အား ဖမ်းဆီး ထိန်းသိမ်းထားခြင်းသည် တရားမဝင်ဖြစ်ကြောင်း/မတရားသဖြင့် ဖမ်းဆီး ထိန်းသိမ်းထားခြင်း ဖြစ်ကြောင်း တရားဝင် သတင်းထုတ်ပြန် ကြေညာလိုက်ပါသည်။ ဦးဘရန်ယုန်သည် ကချင်တိုင်းရင်းသား လယ်သမားတစ်ဦးဖြစ်၍ ကချင်လွတ်မြောက်ရေး တပ်မတော် နှင့် အဆက်အသွယ် ရှိသည်ဟူသော မဟုတ်မမှန်သည့် အချက်ကို ထွက်ဆိုလာရန် ဖမ်းဆီးနှိပ်စက်ကာ ဖိအားပေး ခံခဲ့ရသူဖြစ်သည်။ ၎င်းသည် ကနဦးတွင် မတရားအသင်း ဆက်သွယ်သည့် ဥပဒေပုဒ်မ ၁၇/၁ ဖြင့်ဖမ်းဆီးခံခဲ့ရကာ တစ်နှစ်ကျော်ကြာ ဖမ်းဆီးထိန်းသိမ်းခံရပြီးနောက်တွင် ထောင်ဒဏ်များစွာ ထပ်မံချမှတ်ခံရပြီး ယခုလက်ရှိအခြေအနေတွင် ၎င်းသည် ထောင်ဒဏ် ၂၀ နှစ် ချခံနေရပါသည်။

*[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ ဘာမားကမ်းပိန်း ယူကေ]*
*[၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ ဧရာဝတီ]*

# နိဂုံးချုပ်နှင့် သုံးသပ်ချက်

ဇူလိုင်လအတွင်း မလိုလားအပ်သော အခြေအနေသို့ ဦးတည်သော ကိစ္စတစ်ချို့ မြန်မာနိုင်ငံတွင် ဆက်လက် ဖြစ်ပေါ်လျက်ရှိပါသည်။ ပထမဆုံးနှင့် အဓိကအချက်မှာ အစိုးရမှ မြန်မာနိုင်ငံတွင် သတင်းမီဒီယာ လွတ်လပ်အမှီခိုကင်းမှု ကြီးထွားလာခြင်းကို ဖိနှိပ်ချုပ်ချယ်မှုများ ပြုလုပ်လာခြင်းပင်ဖြစ်သည်။ ဇူလိုင်လ အစောပိုင်းတွင် ယူနတီဂျာနယ်မှ သတင်းသမား ၅ ဦးအား အစိုးရမှ ကြီးလေးသော ပြစ်ဒဏ်များ ချမှတ်လိုက်ပါသည်။ သတင်းမီဒီယာ သမားများအား ဖိနှိပ်ချုပ်ချယ်ရန်နှင့် တိတ်ဆိတ်နှုတ်ပိတ်သွားစေရန် ရည်ရွယ်၍ ယခင်အသုံးပြုနေကျ ဥပဒေသုံးကာ ပိုမိုဖိနှိပ်လာခြင်းသည် လက်ရှိအစိုးရမှ လွတ်လပ်စွာဖော်ထုတ်ခွင့်နှင့် ပတ်သက်ပြီး ပေးထားသည့် ကတိကဝတ်များအား ဖောက်ဖျက်ရာ ရောက်ပါသည်။ တရားရုံး၏ ဆုံးဖြတ်ချက်အား ပြင်းပြင်းထန်ထန် ဝေဖန်ချက်များ ထွက်ပေါ်လာသော်လည်း ဦးသိန်းစိန်အစိုးရမှ ထိုဆုံးဖြတ်ချက်နှင့် ပတ်သက်ပြီး တရားရုံး၏ အဆုံးအဖြတ်တိုင်းသာ ရပ်တည်ခဲ့သည်။ သမ္မတဦးသိန်းစိန်သည် ဥပဒေဟောင်းများ ပြင်ဆင်ခြင်း သို့မဟုတ် စွပ်စွဲခံရသူများအတွက် လွတ်လပ်၍တရားမျှတသော ကြားနာမှုများ ပေါ်ပေါက်လာစေရန် ဆောင်ရွက်ချက်များ မလုပ်ဆောင်ခဲ့ပဲ ယခုကဲ့သို့ ပြောင်းလည်းရေး ကာလတွင် တာဝန် သိတတ်သော စာနယ်ဇင်းသမားများ ဖြစ်စေရေးအတွက်သာ အတွင်တွင် ပြောကြားနေခဲ့ပါသည်။

"လူထုမှ ဒေါ်အောင်ဆန်းစုကြည်အား ကြားဖြတ်အစိုးရ၏ ခေါင်းဆောင်အဖြစ် တင်မြှောက်" ဟူသည့် ဒီမိုကရေစီ စဉ်ဆက်မပြတ် လှုပ်ရှားရေးအဖွဲ့ (MDCF) ၏ ထုတ်ပြန်ချက်အား ကိုးကား ဖေါ်ပြခဲ့သည့်အတွက် Bi မွန်းတည့်နေဂျာနယ်၏ ဝန်ထမ်းများအား ဖမ်းဆီးမှုနှင့် တရားစွဲဆိုမှုများသည် အစိုးရ၏ မမျှတသော ဒီမိုကရေစီ မကျသော ပုံရိပ်ကိုသာ ထင်သာမြင်သာ ဖြစ်စေခဲ့သည်။ ထို့အပြင် ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်သည့် ထိုကောလဟာလအား စတင်ခဲ့ခြင်းအတွက် တာဝန်ရှိသည်ဟု ဆိုကာ ကိုနောင်နောင်အား ဖမ်းဆီးပြီး တရားစွဲဆို အရေးယူခဲ့ခြင်းသည်လည်း ဂရုပြုစရာဖြစ်ပါသည်။ လက်ရှိအုပ်ချုပ်ရေးပိုင်းမှ လူတစ်ချို့အတွက် ယခု ကောလဟာလသည် ခြိမ်းခြောက်မှု တစ်ခု ဖြစ်ကောင်း ဖြစ်နိုင်သော်လည်း ထိုအကြောင်းပြချက်ဖြင့် သတင်းမီဒီယာအား နှုတ်ပိတ်ရန် အာဏာအလွဲသုံးစား လုပ်ပိုင်ခွင့် မရှိပါ။ အာဏာသုံး၍ တရားဥပဒေစိုးမိုးရေး (သို့မဟုတ်) လွတ်လပ်စွာထုတ်ဖေါ်ခွင့် အစရှိသည့် ဒီမိုကရေစီ၏ အရေးပါသော လက္ခဏာများအား ဆန့်ကျင်လျက် ဒီမိုကရေစီ လမ်းခရီးအား အနှောက်အယှက် ဖြစ်စေပါက အာဏာအလွဲသုံးစား လုပ်ခြင်းသာဖြစ်သည်။

ဇူလိုင်လအတွင်း ဆက်လက်ဖြစ်ပျက်နေသော ကိစ္စရပ်တစ်ခုမှာ မြန်မာနိုင်ငံတစ်ဝှမ်းလုံးတွင် လယ်ယာသိမ်းဆည်းသည့်ကိစ္စနှင့် ပတ်သက်ပြီး လယ်သမားများ ဆက်လက်၍ ဖမ်းဆီး ထိန်းသိမ်းခံ နေရခြင်းပင် ဖြစ်သည်။ ရာနှင့်ချီသော လယ်သမားများသည် လယ်မြေပိုင်ဆိုင်မှု အငြင်းပွါးမှုများနှင့် ပတ်သက်ပြီး တရားစွဲဆိုခံ ထားရကာ တရားရင်ဆိုင်နေရပြီး ထိုလယ်သမားဦးရေသည် လစဉ် တိုးမြှင့်လျက် ရှိနေပါသည်။ ထိုဖြစ်ပျက်နေသော ကိစ္စသည် လယ်သမားများ၏ ပိုင်ဆိုင်မှု အခွင့်အရေးများကို ချိုးဖေါက်သည်သာမက မငြိမ်သက်မှုများပါ ဖြစ်ပေါ်လာနိုင်သဖြင့် မြန်မာနိုင်ငံ၏ တိုးတက်မှုအား စောင့်ကြည့် လေ့လာနေသူများအတွက် ထိုကိစ္စရပ်သည် သတိချပ် စိုးရိမ်စရာ အကြောင်းတစ်ခု ဖြစ်ပါသည်။ ထို့အပြင် ယခုလအတွင်း လက်ပံတောင်း ကြေးနီစီမံကိန်းအနီး ရွာသူရွာသားများနှင့် ရဲများအကြား ထိပ်တိုက်ရင် ဆိုင်မှုများ ရှိခဲ့ရာ၊ ထိုခက်ခဲသော အခြေအနေ၊ ပြဿနာများအား ထိရောက်စွာ မဖြေရှင်းနိုင်ပါက ထိုကဲ့သို့ ဖြစ်ရပ်များ ဆက်၍ တိုးပွါးလာနိုင်ဖွယ်ရာသာ ဖြစ်ပါသည်။

အစိုးရမှ ၎င်းတို့အနေဖြင့် ဒီမိုကရေစီလမ်းကြောင်းအား ဆက်လက် လျှောက်လှမ်းနေပါသည် ဟူသောစကားနှင့် ဆန့်ကျင်စွာ ယခုလအတွင်း ၎င်းတို့လုပ်ဆောင်နေသော လုပ်ရပ်များမှာ ယခင်ကကဲ့သို့ပင် အာဏာချုပ် ကိုင်ရန် ကြိုးစားလျက်ရှိနေသေးကြောင်း ညွှန်ပြလျက် ရှိပါသည်။ အမျိုးသမီးအခွင့်အရေးများ ရရှိရန် လှုပ်ရှားဆောင်ရွက်ခဲ့သော ချင်းအမျိုးသမီး များ အပါအဝင် တက်ကြွလှုပ်ရှားသူ ၈ ဦးအား ထောင်ဒဏ် (သို့မဟုတ်) ငွေဒဏ် ချမှတ်လိုက်ခြင်းသည် အစိုးရမှ အာဏာအား ယခင်ကကဲ့သို့ပင် ချုပ်ကိုင်ထားဆဲ ဖြစ်ကြောင်း ပြသလိုက်ခြင်းပင်ဖြစ်သည်။ မြန်မာ့တပ်မတော် စစ်သားတစ်ဦးမှ ချင်းအမျိုးသမီး တစ်ဦးအား မတရားပြုကျင့်ရန် ကြိုးစားခဲ့သည့်အတွက် တုံ့ပြန်သည့်အနေဖြင့် ပြီးခဲ့သောလတွင် ထိုချင်းအမျိုးသမီးအရေး တက်ကြွလှုပ်ရှားသူ ၈ ဦးမှ ဆန္ဒပြပွဲများ စီစဉ်ကျင်းပ ခဲ့ခြင်းဖြစ်သည်။

၎င်းတို့အား အနောက်နိုင်ငံများမှ အကောင်းမြင်လာစေရန် မြန်မာအစိုးရမှ ပဋိပက္ခကာလများအတွင်း လိင်အကြမ်းဖက်မှု ရပ်တန့်ရေးဆိုင်ရာ နိုင်ငံတကာစာချုပ်အား မကြာသေးခင်က လတ်မှတ်ရေးထိုးခဲ့ပါသည်။ သို့ရာတွင် ထိုကြေညာစာတမ်းနှင့်အညီ ဖြည့်ဆည်းလုပ်ဆောင်ခြင်း၊ စစ်တပ်အတွင်းရှိ သံသယဖြစ်ဖွယ် မတရားပြုကျင့်သူများအား ဖေါ်ထုတ် အရေးယူခြင်း၊ တားဆီးခြင်းများ မရှိသည့်အပြင် အမှန်ကို ဖေါ်ထုတ်ပြောဆိုသူများအား နှုတ်ပိတ်သွားအောင် ပြုလုပ်လျက်ရှိပြီး အကာအကွယ်ပေးသင့်သူများအား အကာအကွယ် မပေးရုံမျှမက တရားစွဲထောင်ချမှုများပင် ပြုလုပ်လျက် ရှိနေပါသည်။ မြန်မာအစိုးရမှ နိုင်ငံတကာ အသိုင်းအဝိုင်းအကြားတွင် တင်းကြပ်ထားသည့် ချုပ်ချယ်မှုများကို ဖြေလျှော့ကာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ပုံရိပ်တစ်ခုအား ပြသရန် ကြိုးစားသော်လည်း လက်ရှိဖြစ်ပေါ်နေသော အခြေအနေများအား သုံးသပ်လိုက်သောအခါတွင်မူ အာဏာရှင်ဆန်ဆန် ဖိနှိပ်ချုပ်ချယ်သည့် လုပ်ရပ်များအား ဆက်လက် လုပ်ဆောင်နေကြောင်း တွေ့မြင်နေရပါသည်။

ကမ္ဘာတစ်ဝှမ်း စောင့်ကြည့် လေ့လာသူများမှ ထိုကွာခြားမှုအား သိရှိသတိထားမိရန်မှာ အလွန်ပင် အရေးပါလှပါသည်။ မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘာ့ကုလသမဂ္ဂ လူ့အခွင့်အရေး အထူးကိုယ်စားလှယ်အသစ် ပါမောက္ခ ယန်ဟီးလီးမှ မြန်မာနိုင်ငံတွင်း အခြေအနေများနှင့် ပတ်သက်ပြီး သူမ၏ပထမဦးဆုံး သတင်းထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံတွင်းရှိ ထိုအခြေအနေ အလုံးစုံအား ထည့်သွင်း ဖော်ပြသွားခြင်းသည် မြန်မာနိုင်ငံ လက်ရှိ အခြေအနေကို အမှန်အတိုင်း သိရှိရန် လွန်စွာ အထောက်အကူပြုသည့် ဖော်ပြချက်ဖြစ်ပါသည်။ မြန်မာအစိုးရမှ ၎င်း၏ ပြည်သူလူထုနှင့် နိုင်ငံတစ်ကာအသိုင်းအဝိုင်း နှစ်ဖက်စလုံးအား ပေးထားသော ကတိများကို ဖြည့်ဆည်း ဆောင်ရွက်ပေးစေရန် ဆက်လက်ကြိုးစား ဆောင်ရွက်မှုများ လိုအပ်လှပါသည်။

ဇူလိုင်လ Chronology

# အရေးပါသည့် ဆက်စပ်သတင်းများ ဖတ်ရန် Links

ဇူလိုင်လ ၃၁ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ ဧရာဝတီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်၊ လွတ်လပ်တဲ့အာရှအသံ

ဇူလိုင်လ ၃၀ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်၊ လွတ်လပ်တဲ့အာရှအသံ

ဇူလိုင်လ ၂၇ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်၊ မဇ္ဈိမ

ဇူလိုင်လ ၂၅ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ ဧရာဝတီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ ဧရာဝတီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်၊ နယ်စည်းမခြား သတင်းထောက်များအဖွဲ့

ဇူလိုင်လ ၂၄ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ အလဲဗင်း
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်၊ ဒီဗွီဘီ

ဇူလိုင်လ ၂၃ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ မဇ္ဈိမ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၃ ရက်၊ လွတ်လပ်တဲ့ အာရှအသံ

ဇူလိုင်လ ၂၂ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊ ဒီဗွီဘီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်၊ Scoop

ဇူလိုင်လ ၂၁ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ BNI
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ ဧရာဝတီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ ဧရာဝတီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ အလဲဗင်း
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ the Voice
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၂၁ ရက်၊ ဒီဗွီဘီ

ဇူလိုင်လ ၁၉ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်၊ ဒီဗွီ

ဇူလိုင်လ ၁၈ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ ဒီဗွီဘီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၈ ရက်၊ လွတ်လပ်တဲ့ အာရှအသံ

ဇူလိုင်လ ၁၇ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်၊ ဧရာဝတီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်၊ မြန်မာတိုင်းမ်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်၊ ဧရာဝတီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်၊ မဇ္ဈိမ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်၊ ဒီဗွီဘီ

ဇူလိုင်လ ၁၆ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ ဒီဗွီဘီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ ဘီဘီစီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်၊ BNI

ဇူလိုင်လ ၁၅ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ ဧရာဝတီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၅ ရက်၊ ဒီဗွီဘီ

ဇူလိုင်လ ၁၄ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်၊ မြန်မာတိုင်းမ်

ဇူလိုင်လ ၁၂ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်၊ ဘားမားကမ်းပိန်း ယူကေ

ဇူလိုင်လ ၁၁ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ မဇ္ဈိမ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၁ ရက်၊ ဒီဗွီဘီ

ဇူလိုင်လ ၁၀ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ ဧရာဝတီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ ဒီဗွီဘီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ အယ်လ်ဂျားဇီးရား
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်၊ ဘီဘီစီ

ဇူလိုင်လ ၉ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ ဧရာဝတီ ဘလော့ဂ်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၉ ရက်၊ လွတ်လပ်တဲ့ အာရှအသံ

ဇူလိုင်လ ၈ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၇ ရက်၊ လွတ်လပ်တဲ့ အာရှအသံ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ဧရာဝတီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ဒီဗွီဘီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ မြန်မာ့အလင်း
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ဘိုင်မွန်းတည့်နေ ဖေ့စ်ဘွတ် စာမျက်နှာ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၈ ရက်၊ ဧရာဝတီ

ဇူလိုင်လ ၆ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၆ ရက်၊ လွတ်လပ်တဲ့ အာရှအသံ

ဇူလိုင်လ ၄ ရက်
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ ဒီဗွီဘီ
၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၄ ရက်၊ မဇ္ဈိမ

ဇူလိုင်လ ၃ ရက်

*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၃ ရက်၊ လွတ်လပ်တဲ့ အာရှအသံ*

ဇူလိုင်လ ၁ ရက်

*၂၀၁၄ ခုနှစ်၊ ဇူလိုင်လ ၁ ရက်၊ ဒီဗွီဘီ*

နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအသင်း(မြန်မာနိုင်ငံ)
ဆက်သွယ်မေးမြန်းရန်
ကိုတိတ်နိုင်    အတွင်းရေးမှူး    (+၆၆) ၈၁၂၈၇၈ ၇၅၁
ကိုဘိုကြည်    တွဲဘက်အတွင်းရေးမှူး    (+၉၅) ၉၄၂၅၃၀ ၈၈၄၀